မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၀)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်နေ့
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဇန်နဝါရီလ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်

စာ - ၁၅ သို့

## ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့ အပ်နှံပါက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်လျက်ရှိ



ဆောင်းပါး စာ - ၁၁ သို့

# လားဟူတိုင်းရင်းသားများ၏ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျေးရွာအလိုက်ကျင်းပ



တာလေ ဇန်နဝါရီ ၁၂

လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရှေးအစဉ်အဆက်ကတည်းက နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက် နှစ်စဉ် အစဉ်အလာမပျက်ကျင်းပရာ ယခုနှစ်တွင်လည်း လားဟူနှစ်သစ်ကူးပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်

စာမျက်နှာ ၁၃ ကော်လံ ၁ ❍

၁၂-၁-၂၀၂၅

## ထူးခြားသည့်ညအပူချိန်များ

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ပူတာအို | ၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## (၁၂-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်)

## ဒေသဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုအစဉ်ရှေးရှုလျက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှာ တိုင်းရင်းသားပြည်သူတို့၏ဘိုးဘွားအစဉ်အဆက်လုပ်ကိုင်လာသော လုပ်ငန်းများဖြစ်သည်။ ထိုလုပ်ငန်းများသည် မြန်မာတို့၏မိရိုးဖလာလုပ်ငန်းများဟုဆိုနိုင်သကဲ့သို့ လူသားတို့အသက်ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လုပ်ငန်းများဖြစ်သည်။ ထို့အတူ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုလည်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ၂၀၂၄ ခုနှစ်အတွင်း မိတ္ထီလာဒေသသို့ရောက်ရှိစဉ် မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များနှင့်ဆောင်ရွက်နိုင်သည်များကိုအကြံပြုတိုက်တွန်းပြောကြားခဲ့ပြီးဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ကြိုးပမ်းဆောင်ရွက်မှုအပေါ် အဓိကမူတည်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၀ ရက်တွင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ အမှာစကားပြောကြားစဉ် **“ မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိတ္ထီလာခရိုင်အတွင်းဒေသတွင်း စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့်ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့်ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ရှိမည်ဆိုပါက ဒေသတွင်းသို့လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်ပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ် အခြေခံ၍တွက်ချက်ထားခြင်းဖြစ်သည်။ မျိုး၊ မြေ၊ ရေနှင့်စိုက်နည်းစနစ်များအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းဖြစ်သဖြင့် သီးနှံထွက်ရှိမှုပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့်သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာစပ်စက်ရုံကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒေသအတွင်း အသားထုတ်လုပ်မှုများကို ယခုထက်တိုးတက်အောင်မြင်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း အသားထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာနိုင်သည်။ အသားစို၊ အသားခြောက်၊ အေးခဲအသားနှင့်သားရေတို့ကို နိုင်ငံအနှံ့အပြားသို့ လျင်မြန်စွာပို့ဆောင်ရောင်းချနိုင်မည့် နိုင်ငံ၏ဗဟိုချက်နေရာဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းဖြင့် သားရေထည်လုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သည့်အတွက် မွေးမြူရေးကို အောင်မြင်သည်နှင့်အတူ အခြားဆက်စပ်လုပ်ငန်းများကိုလည်း အောင်မြင်စေနိုင်မည်ဖြစ်သည်။

မိတ္ထီလာဒေသတွင် ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့်အတူ ဒေသအတွင်း စိမ်းလန်းစိုပြည်သာယာနေအောင်ဆောင်ရွက်ပါက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များလာရောက်ပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ မိတ္ထီလာဒေသတွင်စိုက်ပျိုးဖြစ်ထွန်းသည့် ကြက်သွန်နှင့်ငရုတ်တို့မှာ ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့်သီးနှံများဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးကိုကြိုးစားခြင်းဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူများစွာပြုမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကန့်ဘလူမြို့နယ်၌ လယ်ယာမြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ် စနစ်တကျဖော်ထုတ်မည်

ကန့်ဘလူ ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ယင်းသာကျေးရွာ၌ ဒေသခံတောင်သူများ၏ လယ်ယာမြေများကို စက်မှုလယ်ယာအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေး စနစ်ကျလယ်ယာမြေအဖြစ် ဧက ၁၀၀ ဖော်ထုတ်မည်ဖြစ်ရာ ဇန်နဝါရီလ ၁၆ ရက်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာစစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

စက်မှုလယ်ယာများဖော်ထုတ်ရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ကြရာ၌ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သော မြေအကျယ်အဝန်းတိုင်းတာခြင်း၊ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချခြင်း၊ မြေညှိခြင်း၊ တစ်သီးမှသည် နှစ်သီး သုံးသီးစိုက်ပျိုးနိုင်ရေးအတွက်ရေသွင်းရေထုတ်စနစ်များ၊ ထွက်ရှိလာသော သီးနှံများကို သယ်ယူရောင်းချနိုင်ရေး ကုန်ထုတ်လမ်းများ စသည်ဖြင့် အဆင့်ဆင့်ဖော်ထုတ်ရမည်ဖြစ်သည်။

ထိုသို့စက်မှုလယ်ယာများဖော်ထုတ်ရာတွင် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဖော်ထုတ်မည်ဖြစ်ကြောင်းနှင့်ဒေသခံတောင်သူများ၏ လယ်ယာမြေများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်း၊ ရေသွင်းရေထုတ်မြောင်းများ၊ ရေတံခါး၊ ရေယူအဆောက်အအုံ၊ ထွန်စက်တက်ဆင်းပြုလုပ်ရာ လမ်းတို့ကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်မည်ဖြစ်ရာ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်ကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ထွန်းက ပြောသည်။

အဆိုပါစနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ယင်းသာကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက “ကျွန်တော်တို့ဒေသက လယ်တစ်ကွက်နဲ့ တစ်ကွက်ကလည်း ဆက်နေပြီး လယ်ကြားမြောင်းတွေကလည်း ပျောက်ကုန်တယ်။ လယ်ကိုသွားရင် အဝင်လမ်း၊အထွက်လမ်းလည်းမရှိတော့ သီးနှံစိုက်ပျိုးချိန်ဆို သွားရေးလာရေးခက်သလို လယ်ကြားမြောင်းမရှိတဲ့အတွက် ရေအခက်အခဲလည်းရှိကြပါတယ်။ အခုဖော်ထုတ်ပေးမယ့် လယ်ယာမြေတွေက ကုန်ထုတ်လမ်းတွေ၊ရေသွင်းမြောင်းတွေ စနစ်တကျပါတဲ့အတွက် စိုက်ပျိုးချိန်မှာ ရေအဆင်ပြေသလို သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ် ” ဟု ပြောကြားသည်။

စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများအနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားအသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း သီးနှံများကို နှစ်သီးသုံးသီးစိုက်ပျိုးနိုင်မည်ဖြစ်သည်။ စနစ်ကျလယ်ယာမြေများသည် ရေထိုင်မြေထိုင်ကောင်းမွန်၍ သမားရိုးကျလယ်ယာမြေများထက် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ ဈေးကွက်သို့ပို့ဆောင်ရာတွင် လျင်မြန်လွယ်ကူစေခြင်း စသည့်အားသာချက်များရှိကာ ယခုကဲ့သို့ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ခြင်းဖြင့် ဒေသခံတောင်သူများအတွက်သာမက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ပဲကြီးကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့



ပွင့်ဖြူ ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ပဲကြီးကို သတ်မှတ်လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ ပဲကျား ၃၉၁ ဧက၊ စားတော်ပဲ ၃၁၈၅ ဧက၊ ကုလားပဲ ၂၁၈၄၃ ဧက၊ ပဲလွမ်း ၃၂၃၂ ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယဉ်း ၂၁၄ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ တခြားပဲ ၉၅၆ ဧက စုစုပေါင်းဧက ၄၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ပဲမျိုးစုံအနက် ပဲကြီးမှာ လက်ရှိ ၄၈၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားစိုက်ကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ပဲမျိုးစုံ ဧက ၄၁၈၀၀ လျာထားစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ဧက ခြောက်သောင်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံမှာ ပဲကြီးကို လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးပြီးစီးတဲ့ ပဲကြီးစိုက်ခင်းတွေ အထွက်နှုန်း ကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေကို စိုက်ပျိုးရေးသွင်းအားစုတွေ အချိန်ကိုက် စနစ်တကျ သုံးစွဲကြဖို့၊ ပိုးမွှားမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းကြဖို့ စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးအပါအဝင် ပဲမျိုးစုံ အထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးပြည့်ဝသောသီးနှံများ ထွက်ရှိစေရန် စိုက်နည်းစနစ် မှန်ကန်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျထုတ်လုပ်သုံးစွဲတတ်စေရေး လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ တောင်သူပညာပေးဆွေးနွေးပွဲများနှင့် စိုက်ပျိုးရေးကွင်းသရုပ်ပြပွဲများ ပြုလုပ်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကြံခင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကြံခင်း ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ချင်းမြောင်) ပညာရတနာခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ချင်းမြောင်)မှ ကျောင်းသား၊ ကျောင်းသူများက ကမ္ဘာ့အဆင့်မီ ပညာရည်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်သည်။ ယင်းနောက် ၅၂၈ လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောက်တိုင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဒေါက်တာပညာနန္ဒက ဆုချီးမြှင့်ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ အဖွင့်စကားမိန့်ကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေး အနာဂတ်မျိုးဆက်သစ် သားကောင်းရတနာများစွာ ပေါ်ထွက်လာအောင် လမ်းပြပေးသည့်ပွဲဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ချင်းမြောင်) ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမင်းက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌(ထက်ဆင့်) ကျပန်းစကားပြောပြိုင်ပွဲတွင် ဒုတိယဆုရ Grade-10 မှ ကျောင်းသူမခိုင်ဇင်ဇင်သက်အားလည်းကောင်း၊ တိုင်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဒုတိယဆုရ Grade-5 ကျောင်းသူ မအိမ့်မြတ်မှူးခင်နှင့် မီတာ ၃၀၀ အပြေးပြိုင်ပွဲတွင် တတိယဆုရ Grade-9 ကျောင်းသူ မခိုင်နှင်းဝေတို့အားလည်းကောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော တစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ၊ ဆရာမ ၁၂ ဦးတို့အား လည်းကောင်း၊ မြို့နယ်အဆင့်ကာယ၊ ဉာဏပြိုင်ပွဲဆု ၂၆ ဆုအားလည်းကောင်း၊ ကျောင်းတွင်းကာယပြိုင်ပွဲဆု ၅၉ ဆုနှင့် ဉာဏပြိုင်ပွဲဆု ၈၆ ဆုတို့ကိုလည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပဒေသာကပွဲများဖြင့် ဖျော်ဖြေကပြခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ပန်းတနော် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချထားကြောင်း ပန်းတနော်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရည်ရည်၏ပြောကြားချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ လယ်ငါးခူပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း လယ်ငါးခူပိဿာတော်တော်များများတင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုပေါ်မူတည်ပြီး တင်ပို့ရောင်းချနေရပါတယ်။ လက်ရှိအချိန်က ဒေသမှာ လယ်ငါးခူတွေ ထွက်ရှိနေတဲ့အချိန်ဖြစ်ပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်"ဟု ဒေါ်ရည်ရည်ကပြောသည်။

ပန်းတနော်မြို့နယ်မှ လယ်ငါးခူကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ လယ်ငါးခူများ ဝယ်လိုအားကောင်းလာသည့်အတွက် ရေချိုငါးခူမွေးမြူသူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## တစ်နည်းတော့ ကောင်းသည်

ကျောင်းသားများသည် ကနဦး၌ ခပ်မှန်မှန် 'ထိုး'ကြသော်လည်း နေ့ရက်ရှည်ကြာသောအခါတွင် ငါ့ကို နာနာထိုးသည်၊ သူ့ကို ညှာသည် စသည်များနှင့် အမှတ်ထားကာ ရန်ငြိုးဖွဲ့လာကြ၏။ မိမိအား နာနာကြီး ထိုးသောသူကို အခွင့်ရသောအခါတွင် နာနာကြီးပြန်ထိုး၍ မိမိအား ညှာသောသူကို ညှာ၍ထိုး၏။ ဦးပဉ္စင်းသည် နာနာထိုးခြင်းကို ခွင့်လွှတ်သော်လည်း ညှာထိုးသောသူကို ခေါ်၍ 'ဒီလိုထိုးရတယ်ကွ'ဟု ဆိုကာ ထိုသူ၏ ဦးခေါင်းကို နာနာကြီးထိုးပြလေသည်။ ဤတွင် ကျွန်ုပ်တို့မှာ မည်သူ့အားမဆို နာနာထိုးလျှင်သာ ထိုးသည်။ 'ညှာ'သည်ဟူ၍ကား မလုပ်ဝံ့ကြတော့ပေ။ ထို့ပြင် ကျွန်ုပ်တို့အတန်းထဲ၌ အသက်လည်းကြီး၍ ဝဝတုတ်တုတ်နှင့် ဗလကောင်းသော ကျောင်းသားကြီးတစ်ယောက်ရှိရာ ထိုသူက ထိုးရသောအလှည့်တွင် ခပ်မှန်မှန်ထိုးသော်လည်း လေးလံလှသော သူ၏လက်သီးကြီးကြောင့် ကျွန်ုပ်ကဲ့သို့သော ကောင်ကလေးမှာ ပုံ၍ပုံ၍ ဝင်သွားလေ၏။ ကျွန်ုပ်တို့အနက်တွင် အသက်အကြီးဆုံးဖြစ်၍ ပိန်ပိန်ရှည်ရှည် ကျောင်းသားကြီးတစ်ယောက်လည်းရှိသေး၏။ ထိုသူမှာ ၁၈ နှစ်သားအရွယ်တွင် အရပ် ၅ ပေ ၁၀ လက်မခန့်ရှိနေလေပြီ။ ကျွန်ုပ်သည် ထိုလူကြီးအား ထိုးရန်ရှိသောအခါ သူ၏ ဦးခေါင်းကို မီအောင် မလှမ်းနိုင်သဖြင့် ခုန်၍ထိုးရာ အားလုံးက ရယ်ကြ၏။ တစ်ခါကမူ လူအများရယ်ကြမည်စိုးသည့်လက္ခဏာနှင့် သူ၏ဦးခေါင်းကို ငုံ့ပေးရာ ဤသည်မှာလည်း သက်သာရာမရဘဲ ရယ်မြဲတိုင်း ရယ်ကြလေသည်။ (စစ်အတွင်း၌ သင်္ကန်းဝတ်နေသည့် ထိုလူကြီးအား ဘုန်းကြီးကျောင်းတစ်ကျောင်း၌ တွေ့ဆုံမိကြရာတွင် ဤအကြောင်းကို သူကပင် ပြော၍ ရယ်ကြသေးသည်။) ထိုလူကြီးသည် ကျွန်ုပ် တွေ့ဖူးသမျှသော လူများအနက်တွင် သဘောအကောင်းဆုံးတစ်ယောက်ဖြစ်၏။ ထိုအချိန်၌မူ ကျွန်ုပ်ထက် အရပ်တစ်လက်မခန့်လောက်သာမြင့်တော့၏။ (ယခုမူကား ပျံလွန်တော်မူရှာလေပြီ။) ကျွန်ုပ်မှာ အတန်းထဲတွင် အတော်ဆုံးထဲက ဖြစ်ပါလျက် တစ်နေ့လျှင် အနည်းဆုံး လေးငါးချက် အထိုးခံရသဖြင့် လူဝကြီး၏ လက်သီးချက်မိသောနေ့များတွင် ဦးခေါင်းကျိန်းသေးရာ ညှံ့ဖျင်း၍ ဆယ့်လေးငါးချက် အထိုးခံရသူများအဖို့မှာ ဘယ်လိုနေရှာကြမည်မပြောတတ်ပေ။ ကျွန်ုပ်တို့သည် တစ်နေ့လုံး အတန်းအထက်နှင့်အောက် ဆင်းချည်တက်ချည် ရှိနေကြလေရာ နောက်ဆုံးအချိန်တွင် မိမိတို့၏ နေရာအစီအစဉ်ကို မှတ်သားထား၍ နောက်တစ်နေ့တွင် ၎င်းအစီအစဉ်အတိုင်း ရပ်ကြရလေ၏။ ယခု ပြန်၍ကြည့်သော် မည်သည့်ကျောင်းတွင်မှ မကြုံခဲ့ဖူးသည့်စနစ်ဖြစ်သော်လည်း ကျောင်းသားများ စာကျက်စေဖို့ တိုက်တွန်းရေးတွင် အလွန်အရာရောက်သော စနစ်တစ်ခုဖြစ်သည်ဟု ဆုံးဖြတ်ချက်ချချင်၏။ သို့ရာတွင် ဤစနစ်အတိုင်း လိုက်နာကျင့်သုံးကြဖို့ အကြံပေးတိုက်တွန်းခြင်းကား မဟုတ်ပေ။

## ဗုဒ္ဓဘာသာ( ဘီ၊ တီ၊ အင်) ကျောင်းဖြစ်လာပုံ

ထိပ်ဆုံးဖြစ်သော ကျွန်ုပ်တို့ကျောင်းသား ၁၀ ယောက်သည် လေးတန်းသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့အောက်တွင်လည်း ပထမတန်းမှ တတိယတန်းအထိ တစ်တန်းလျှင် ကျောင်းသား ဆယ့်လေးငါးယောက်စီ ရှိကြသဖြင့် ကျောင်းသားစုစုပေါင်း ၆၀ ခန့်ရှိနေလေပြီ။ ထိုအချိန်တွင် ပညာအုပ် (ဝန်ထောက်မင်းဟုခေါ်ကြသည်) ဦးကျော်ရန်နှင့် ဆက်မိ၍ အစိုးရ စာစစ်ခံကျောင်းဖြစ်အောင် စီမံကြ၏။ အရာရှိတစ်ဦးဖြစ်သော ဦးကျော်ရန်၏ ဝါယမစိုက်ထုတ်မှုကြောင့် အလွတ်ပညာသင် ဘုန်းကြီးကျောင်းအဖြစ်မှ အစိုးရစာစစ်ခံ ဗုဒ္ဓဘာသာကျောင်းကြီးဖြစ်လာရသည်မှန်သော်လည်း မူလဘူတအစစ်အမှန်မှာ မြိတ်ဆရာတော်ဘုရားကြီး ဦးနန္ဒနှင့် ဦးပဉ္စင်း ဦးတိလောကတို့၏ လုံ့လပယောဂတို့ကြောင့် ဖြစ်ပေသည်။ ဘီ၊ တီ၊ အင် ခေါ် ဗုဒ္ဓဘာသာကျောင်း ကြီးကျယ်လာသောအချိန်တွင် ရဟန်းတော်နှစ်ပါးတို့၏ ဘွဲ့တော်များတိမ်မြုပ်၍ ဦးကျော်ရန်၏ အမည်သာလျှင် တည်ထောင်သူအဖြစ်နှင့် ထင်ရှားကျော်ကြားလျက်ရှိခဲ့ခြင်းအတွက်ကြောင့် မြိတ်ဆရာတော်ဘုရားအဖို့ရာ၌ မည်သို့မျှမရှိသော်လည်း ဦးတိလောကကိုယ်တော်ကမူ ကျေနပ်သည့်လက္ခဏာမရှိဘဲ ကလောင်သမားတစ်ယောက်ဖြစ်လာသော ကျွန်ုပ်အား ဤအကြောင်းကို ဖော်ထုတ်ရေးသားရန် တိုက်တွန်းဖူး၏။ ကျွန်ုပ်ကလည်း ရေးပါမည်ဟု ကတိပေးခဲ့ဖူး၏။ သို့ရာတွင် အခါအခွင့်မသင့်သည့်အတွက်ကြောင့် မရေးဖြစ်ဘဲရှိခဲ့ရာ နှစ်ပါးစလုံး ပျံလွန်တော်မူပြီဖြစ်သော ယခုအချိန်မှပင် ဤအကြောင်းကို ရေးရပါတော့မည်။ မြိတ်ဆရာတော်ဘုရားကြီး အတွက်ကား ကိစ္စမရှိ။ ဦးတိလောကကိုယ်တော်အတွက်မူ မကွယ်လွန်မီ ရေးပြခြင်းအားဖြင့် ကျေးဇူးမဆပ်နိုင်ခြင်းအတွက် လွမ်းဆွတ်ဝမ်းနည်းမိပါသည်။

> " သို့နှင့်ပင် ကျွန်ုပ်တို့ကျောင်းသား ၁၀ ယောက်စလုံးသည် လေးတန်းစာမေးပွဲအောင်မြင်ကြလေရကား မန္တလေးတစ်မြို့လုံး ဟိုးလေးတကျော်ဖြစ်၍ ကျောင်းသားအရေအတွက်မှာလည်း ကျောင်းမဆံ့အောင် တိုးတက်များပြားလာလေ၏။ ဤမျှသော အချိန်အပိုင်းအခြားအတွင်း၌ ၁၀ ယောက်စလုံး အောင်မြင်ကြခြင်းမှာ ကျောင်းသားများအား စာမကျက်ဘဲနေ၍မဖြစ်အောင် ကျပ်တည်းစွာ သင်ပြသော ဦးပဉ္စင်း ဦးတိလောက၏ ကျေးဇူးပင်ဖြစ်သည်ဟု မှတ်ချက်ပေးလိုက်ရပေသည်. . ."

## လူတိုင်း အောင်စေသောနည်း

၁၉၀၀ ပြည့်နှစ်တွင် ဆိုင်းတန်းရပ်၌ တိုက်တစ်လုံးငှား၍ ဒက္ခိဏဝံတိုက် မြိတ်ကျောင်းမှ ကျောင်းသားပေါင်း ၉၀၊ ၁၀၀ မျှ ပြောင်းရွှေ့ပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟ(ဘီ၊ တီ၊ အင်) အစိုးရ စာစစ်ခံ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်ကျောင်းကြီးအမည်နှင့် စတင်ဖွင့်လှစ်ခဲ့လေသည်။ ထိပ်ဆုံးဖြစ်သော ကျွန်ုပ်တို့ကျောင်းသား ၁၀ ယောက်အား အင်္ဂလိပ်စာစ၍သင်သောအချိန်မှသည် ၎င်းနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်တို့အား လေးတန်းစာမေးပွဲသို့သွင်း၍ အစိုးရစာစစ်ခံစေသောအချိန်တိုင်အောင် တစ်နှစ်နှင့်သုံးလမျှသာ အချိန်ကြာရှိ၏။ သို့နှင့်ပင် ကျွန်ုပ်တို့ကျောင်းသား ၁၀ ယောက်စလုံးသည် လေးတန်းစာမေးပွဲအောင်မြင်ကြလေရကား မန္တလေးတစ်မြို့လုံး ဟိုးလေးတကျော်ဖြစ်၍ ကျောင်းသားအရေအတွက်မှာလည်း ကျောင်းမဆံ့အောင် တိုးတက်များပြားလာလေ၏။ ဤမျှသော အချိန်အပိုင်းအခြားအတွင်း၌ ၁၀ ယောက်စလုံး အောင်မြင်ကြခြင်းမှာ ကျောင်းသားများအား စာမကျက်ဘဲနေ၍မဖြစ်အောင် ကျပ်တည်းစွာ သင်ပြသော ဦးပဉ္စင်း ဦးတိလောက၏ ကျေးဇူးပင်ဖြစ်သည်ဟု မှတ်ချက်ပေးလိုက်ရပေသည်။

## ဆရာနှင့်တပည့် သဘောထား

ဤနေရာတွင် ဦးပဉ္စင်း ဦးတိလောကအကြောင်း ဆက်လက်၍ ဖော်ပြပါရစေဦး။ ဦးတိလောကသည် ကျွန်ုပ်တို့ ငါးတန်းသို့ တက်သောနှစ်၌ ရဟန်းဘဝကို ပျော်ပိုက်ဟန်မရှိဘဲ လူထွက်၍ အိမ်ထောင်ကျသွားလေပြီ။ ဦးတိလောကအား ကျွန်ုပ်တို့ကျောင်းသားများက မည်မျှလောက် ချစ်ကြောက်ရိုသေကြပုံကို ကြီးပြင်းလာသောအခါတွင် အချင်းချင်းပြော၍ ရယ်မိကြသေးသည်။ ရယ်မိကြခြင်းမှာ ကျွန်ုပ်တို့ ကြီးပြင်းလာကြ၍ အသက် ၃၀ ကျော် ၄၀ အရွယ်တွင် သားမယား အလုပ်အကိုင်နှင့်ဖြစ်နေကြသော်လည်း တစ်ခါတစ်ရံ လူဝတ်လဲပြီးဖြစ်သည့် ဦးတိလောကနှင့် မတော်တဆ ဆုံမိကြရာ၌ ဆရာတစ်ခွန်း၊ အရှင်ဘုရားတစ်ခွန်း၊ ခင်ဗျား ကျွန်တော်တစ်ခွန်းနှင့် ကယောင်ချောက်ချားဖြစ်ကာ ကြောက်ဒူးတုန်လျက် စကားမပြောတတ်အောင် ဖြစ်ကြရသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ဖော်ပြရသော် ၁၉၁၉ ခုနှစ်တွင် ကျွန်ုပ်သည် သူရိယတိုက်၌ မဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် လုပ်ကိုင်လျက်ရှိစဉ် ဦးတိလောက(လူအမည် ဦးထွန်းဝင်း) သည် တိုက်ပေါ်သို့တက်လာ၍ ကျွန်ုပ်နှင့်ကပ်လျက်ရှိသော စားပွဲတွင်ထိုင်ကာ အယ်ဒီတာတစ်ယောက်နှင့် စကားပြောသည်ကို ကျွန်ုပ်မြင်ပါလျက် နှုတ်ဆက်ရမည်ကို ကြောက်သည်နှင့် မမြင်ချင်ပြု၍ ငုံ့နေလိုက်၏။ နောက်တစ်ခေါက် လာပြန်သောအခါ၌မူ ရှိင်းရာကျတော့မည်ဟု အောက်မေ့၍ ထိုင်ရာမှထပြီး နှုတ်ဆက်သည်တွင်မှ ဦးပဉ္စင်း(ဆရာ)က ဝမ်းသာအားရနှင့် ဖက်လှဲတကင်း ပြုပေသည်။

'ငါ တစ်နေ့က တစ်ခေါက်လာသေးတယ်ကွဲ့၊ မင်းမရှိဘူးလား'

'တင်ပါ့၊ တပည့်တော် ကျွန်တော် အလုပ်ရှုပ်နေလို့ မော့မကြည့်လိုက်မိလို့ပါဆရာ'ဟု ပြန်ပြောရသည်။

ဆရာသည် လူပါးတစ်ယောက်ဖြစ်၍ ကျွန်ုပ်အကြောင်းကို ရိပ်မိသဖြင့် ပြုံးစိစိကြည့်ခြင်းကိုလည်း ကျွန်ုပ်နားလည်သည်။ ဆရာသည် တပည့်တစ်ယောက် အယ်ဒီတာဖြစ်ခြင်းအတွက် ဂုဏ်ယူရှာသည့် လက္ခဏာနှင့် ဝမ်းသာအားရပြောသွားရှာ၏။ ဤအကြောင်းကို ကျောင်းသားဟောင်းများတွေ့တိုင်း ကျွန်ုပ်က ပြောပြရာ သူတို့ကလည်း ဤနည်းနှင်နှင် ဖြစ်ဖူးကြောင်း ပြန်ပြောကြ၏။ ကျွန်ုပ်တို့က ဆရာဆိုသည်မှာ ရိုက်ပိုင်သည်ဟူ၍လည်းကောင်း၊ ဦးပဉ္စင်းဖြစ်သောကြောင့် သာ၍ ရိုက်ပိုင်သည်ဟူ၍လည်းကောင်း နားလည်ကြ၍ (ရိုက်လွန်းသည်ဟု ထင်ကြစေကာမူ) ဆရာဦးထွန်းဝင်းအပေါ်၌ ဆန့်ကျင်သောစိတ်မျိုး စိုးစဉ်းမျှမရှိကြခြင်းမှန်သော်လည်း ငယ်စဉ်က ကြောက်ခဲ့ရခြင်းအတွက်ကြောင့် အကြောက်မပြေပျောက်နိုင်သဖြင့် မျက်နှာချင်းမဆိုင်လိုကြခြင်းပင်ဖြစ်ပါသည်။ ဤခေတ် ဆရာတပည့်များကမူ ရယ်ချင်ကောင်း ရယ်ချင်ကြပေလိမ့်မည်။

## ကျီစားလွန်ခြင်း

ကျောင်းသားချင်းက နှိပ်စက်ဖူးခြင်းများကို စာဖြင့်ရေး၍ မှတ်သားထားလေသလောဟု ပြောချင်လည်း ပြောကြစေ။ ဆိုင်းတန်းကျောင်းသို့ ပြောင်းခါစတွင် ကျွန်ုပ်ခံရသည့်အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုသေး၏။ ဖခင်သည် ဖိနပ်ထောင်ဆရာဖြစ်သည့်အလျောက် ကျွန်ုပ်အတွက် ပိန်းတန်းဖိနပ်ကလေးများ ဆန်းဆန်းပြားပြားလှလှပပဖြစ်အောင် စပါယ်ရှယ်ချုပ်လုပ်ပေးလေ့ရှိ၏။ ကျောင်းသားတိုင်းသည် ကျွန်ုပ်၏ ဖိနပ်ကလေးကို ငုံ့၍ကြည့်ကြ၏။ ကြည့်လည်းကြည့်သင့်၏။ တစ်နေ့သ၌ ဦးတိလောကသည် ပျော်ဘွယ်မြို့သို့ အလည်ကြွသွား၍ ပြန်လည်ကြွရောက်လာရာတွင် ဆရာများရော ကျောင်းသားများပါ တစ်ကျောင်းလုံး ကြိုဆိုကြဖို့ စီစဉ်ထား၏။ **ဆက်လက်ဖော်ပြပါမည်။**

---

# လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လှိုင်းဘွဲ့ ဇန်နဝါရီ ၁၂

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ထီလုံကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ထီလုံကျေးရွာ၌ အရှည် ၃ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မရှိ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က ဆောင်ရွက်ပြီးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ကျေးရွာမှဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါကုန်ထုတ်လမ်းဂဝံမြေခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၃၆ ဒသမ ၃၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကော်မတီစုဖွဲ့မှုဖြင့် ၂၀၂၄ ခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## သုတေသနဌာနခွဲ (ပြင်ဦးလွင်)နှင့် MSME များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်)တွင် MSME လုပ်ငန်းများ၏ စားသောက်ကုန်များ၊ စက်မှုလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ရေများကို စမ်းသပ်စစ်ဆေးပေးနိုင်ရန် ဓာတ်ခွဲခန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်ခွဲခန်းဖွင့်လှစ်မည့် အဆောက်အဦအား ကောင်းမွန်သော ဓာတ်ခွဲခန်းအလေ့အကျင့် (GLP) များနှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းအား MSME များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ ဓာတ်ခွဲခန်းအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများအား အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။



ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာရှိ အသားခြောက်လုပ်ငန်းနှင့် အေးခဲသားများထုတ်လုပ်သည့်လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်စီမံဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြရန်၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်ရန် ဆွေးနွေးပြောကြားကာ လုပ်ငန်းရှင်များ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး(၁/၂၀၂၅)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန၌ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး(၁/၂၀၂၅)သို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆေးကောင်စီ၏ လက်ရှိအလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ဒုတိယလေးနှစ်တာသက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သဖြင့် မကြာမီကာလအတွင်း တတိယလေးနှစ်တာကာလ အလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များ ရွေးချယ်သွားရမည်ဖြစ်ရာ မြန်မာနိုင်ငံဆေးကောင်စီဥပဒေနှင့်အညီ မိမိတို့ဆေးပညာရပ်ပိုင်းဆိုင်ရာအကျိုးအတွက် ကျေပွန်စွာတာဝန်ထမ်းဆောင်နိုင်မည့်ပုဂ္ဂိုလ်များကို သေချာစွာရွေးချယ်သွားကြရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများလိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်အတွက် အရေးကြီးသောအဖွဲ့အစည်းကြီးဖြစ်ပြီး ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို မှန်ကန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကကဏ္ဍမှပါဝင်နေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးက မြန်မာနိုင်ငံဆေးကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယလေးနှစ်တာကာလအတွင်း ဆောင်ရွက်ထားရှိမှုနှင့် တတိယလေးနှစ်ကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ရန်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီနာယက ဒေါက်တာအက်စ်ကျော်လှနှင့် တက်ရောက်လာကြသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နာယက အဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၁˚c |
| ရန်ကုန် | ၁၆˚c | / | ၃၀˚c |
| မန္တလေး | ၁၆˚c | / | ၃၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ပညာပေးခြင်းဆောင်ရွက်



မင်းဘူး ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ ပွင့်လင်းရာသီတွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး ခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ် ပညာပေးခြင်းအစီအစဉ်များကို ဇန်နဝါရီ လ ၁၁ ရက်က မင်းဘူးခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရ သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့်မီးသတ် ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်း ဆိုင်များ၌ မီးဘေးလုံခြုံရေးနှင့် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်စံနှုန်း များနှင့်အညီ စီစဉ်ဆောင်ရွက်ထားမှု ရှိ/ မရှိစစ်ဆေးခြင်း၊ စက်သုံးဆီအရောင်းဆိုင် များတွင် အရန်သင့်ထားရှိရမည့် မီးသတ် ဆေးဘူးအရွယ်အစားနှင့် အရေအတွက်၊ စက်သုံးဆီကန်အမျိုးအစားအလိုက် စနစ် တကျသိုလှောင်ထားရှိမှု၊ လောင်စာဆီ များယိုစိမ့်မှုမဖြစ်ပေါ်စေရေးနှင့် ဆီဖြည့် စက် (Pump) များ စနစ်တကျကိုင်တွယ် အသုံးပြုရောင်းချစေရေး၊ ရေလှောင်ကန်၊ ရေစုကန်များနှင့် အပေါ့စားမီးငြိမ်းသတ် စက်များ အရန်သင့်ကြိုတင်ပြင်ဆင်ဆောင် ရွက်ထားရှိရေးလုပ်ငန်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင် ရွက်ရန်လိုအပ်သော မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်း ထားရှိရန် အကြံပြုမှာကြားသည်။

ဆက်လက်၍ အဆိုပါစက်သုံးဆီ အရောင်းဆိုင်များရှိ ဆိုင်ပိုင်ရှင်နှင့်ဝန်ထမ်း များ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကို စနစ်တကျကိုင်တွယ်အသုံးပြုတတ် စေရန်နှင့် မီးဘေးအန္တရာယ်နှင့်ရင်ဆိုင် တွေ့ကြုံသည့်အခါ အရေးပေါ်ရှေ့ပြေး မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ အလျင် အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးသတ် ဆေးဘူးကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့် ကို တာဝန်ရှိသူများက အသိပညာပေး ရှင်းလင်းပြောကြားပြီးနောက် လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်ခြင်းအစီအစဉ်များ ကို ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရ သည်။

**မောင်မောင်(မင်းဘူး)**

# နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကျားပျံစပါးတင်း ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ် မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင် ဘာလအတွင်း ကျားပျံစပါး တင်း ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း နေပြည်တော် မြို့နယ်၌ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံ လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်ဝင်း၏ ပြောပြချက်အရ သိရသည်။

နေပြည်တော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ကျားပျံစပါး တင်း ၆၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင် ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း စပါးတင်း ၇၅၀၀၀ အထိ တင်ပို့ရောင်းချ နိုင်ခဲ့သည်။

"နေပြည်တော်မြို့နယ်ကထွက်တဲ့ လယ်ယာ ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ကျားပျံက အချောအုပ်စုထဲမှာပါတဲ့ ဆန် အမျိုးအစားဖြစ်ပါတယ်။ တခြားဆန်တွေ၊ စပါးတွေနဲ့ယှဉ်ရင် လတ်တလောမှာ ကျားပျံစပါးအမျိုးအစားက အရောင်း အဝယ်ပိုဖြစ်နေပါတယ်"ဟု ဒေါ်ခင်ခင်ဝင်း ကပြောသည်။

နေပြည်တော်မြို့နယ်မှထွက်ရှိသည့်ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင် ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့် အလမ်းများရရှိပြီး လုပ်ငန်းအဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တာမွေမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂


ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း ခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၁၁)အခြေခံ ပညာအလယ်တန်းကျောင်း၏ ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေး ပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာ ရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ လ ၁၁ ရက်က အဆိုပါကျောင်း ဧရာဝတီ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၁)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသူများ က မင်္ဂလာပါသီချင်းဖြင့် သီဆိုဖျော်ဖြေကြ ပြီး နားမကြားသောကလေးများကျောင်း (ရန်ကုန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်သွယ်သွယ်အောင်၊ အမှတ်(၁၁)အခြေခံ ပညာအလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်လှလှမြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာစိုးတို့က အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင် နှစ်အတွင်း ထူးချွန်ဆုရရှိကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များကို တာဝန်ရှိသူများ၊ ကျောင်းအကျိုး တော်ဆောင်များနှင့် မိဘဆရာအသင်း ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် နားမကြားသောကလေးများ ကျောင်း(ရန်ကုန်)မှ ကျောင်းသူများက ဆီမီးခွက်အကဖြင့်လည်းကောင်း၊ အမှတ် (၁၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူများက ထာဝရသစ္စာသီချင်း၊ ဇာတိမာန်သီချင်းတို့ဖြင့် လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၀°C |
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂.၃°C |
| ပူတာအို | ၄.၉°C |
| တီးတိန် | ၅°C |
| ပြင်ဦးလွင် | ၅.၃°C |
| ဟဲဟိုး | ၅.၄°C |
| လွိုင်လင် | ၇°C |
| မြစ်ကြီးနား | ၇.၈°C |
| မချမ်းဘော | ၈.၅°C |
| ညောင်ရွှေ | ၈.၆°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၇ | ၂၄ |
| ရှမ်း(မြောက်) | ၈ | ၂၆ |
| ရှမ်း(အရှေ့) | ၁၀ | ၂၄ |
| ရှမ်း(တောင်) | ၈ | ၂၄ |
| ချင်း | ၂ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၅ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၁ |
| နေပြည်တော် | ၁၆ | ၃၁ |
| မန္တလေး | ၁၆ | ၃၂ |
| မကွေး | ၁၄ | ၃၂ |
| ရခိုင် | ၁၃ | ၃၁ |
| ပဲခူး | ၁၅ | ၃၁ |
| ရန်ကုန် | ၁၆ | ၃၀ |
| ဧရာဝတီ | ၁၈ | ၃၁ |
| ကယား | ၁၀ | ၂၈ |
| ကရင် | ၁၈ | ၃၁ |
| မွန် | ၁၈ | ၃၀ |
| တနင်္သာရီ | ၁၈ | ၃၁ |

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်စတော့အိတ်ချိန်း၌ ဇန်နဝါရီလ ဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိစတော့ ရှယ်ယာအစောင် နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ သည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများ ပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဇန်နဝါရီလ ၆ ရက် မှ ၁၀ ရက်အထိ စုစုပေါင်းငွေကျပ် ၆၂၉၇၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင် ၂၁၁၉၂ စောင် အရောင်းအဝယ် ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၁၁၅၅၆၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၁၄၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၀၇၅၉၆၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင် ၃၃၉၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၀၉၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၈၃၉၄၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၄၄၂၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၇၁၁၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၂၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၉၈၇၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၃၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ် ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၈၉၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၂၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ် ပတ်ကထက် အရောင်းအဝယ်မြင့်တက် ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၁၄၄၅၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၆၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ် ကထက် စတော့ရှယ်ယာလေးပုံသုံးပုံ ကျော်အထိ အရောင်းအဝယ်မြင့်တက်ခဲ့ သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင် ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီသုံးခုမှအပ ကျန် ကုမ္ပဏီငါးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့ရာ ပြီးခဲ့သည့် တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စုစုပေါင်း စတော့ရှယ်ယာ လေးပုံတစ်ပုံကျော်အထိ အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရ သည်။

**ခန့်ခန့်**

# ရန်ပြေမာန်ပြေဘုရားကြီးပူဇော်ကန်တော့ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲကျင်းပ



**စစ်တွေ ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကမ္ဘာ့သာသနာပြုမဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍ ရန်ပြေမာန်ပြေဘုရားကြီး ပူဇော်ကန်တော့ပွဲနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲကို ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ပြေမာန်ပြေဘုရားကြီးရင်ပြင်တော်၌ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရန်ပြေမာန်ပြေဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်သည်။ ထို့နောက် အခမ်းအနားသို့ကြွရောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ရတနာသုံးပါး ဂုဏ်တော်ကို ပူဇော်တီးခတ်သည်။

ဆက်လက်၍ စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေဘုရားကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်တာဝန်ရှိသူများက ကမ္ဘာ့သာသနာပြု မဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကြီးအား ငွေပဒေသာပင်များ ကပ်လှူပူဇော်ပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက်အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ်ရခိုင်မင်္ဂလာစည်တော်အဖွဲ့က စည်တော်တီးခတ်ပူဇော်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ အခမ်းအနားတွင် တီးခတ်ဖျော်ဖြေပေးကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မဟာရွှေစည်ကြီးစေတီတော် (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ကန့်ဘလူ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၏ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုသို့ကျင်းပရာတွင် ဖေဖော်ဝါရီလ ၈ ရက်မှစတင်၍ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်တိုင်ကျင်းပ၍ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်မည်ဖြစ်သည်၊ ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် မဟာရွှေစည်ကြီးစေတီတော်လိုဏ်ဂူအတွင်း ဘုရားအနေကဇာတင်ပူဇော်ခြင်း၊ ပင့်သံဃာအပါး ၂၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ရေစက်ချမင်္ဂလာအခမ်းအနားပြုလုပ်ခြင်း၊ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့်ည ၆ နာရီတွင် စေတီတော်ကြီးနှင့် ရုပ်ပွားတော်များအား ဆီမီးထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လပွတ္တာမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေး

**လပွတ္တာ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်နိုင်မိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမြတ်ကျော်သူနှင့်တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းကို အကျိုးရှိစွာ တန်ဖိုးထားအသုံးပြုရန် ပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၁၁၁၀၊ အကျယ် ၆ ပေ၊ ထု ၆ လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်းဖြင့် ယမန်နှစ် ဩဂုတ်လ ၂၅ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၁-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၉:၀၀ | Sport News | ၄။ | ၁၆:၄၀ | I Music |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ | ၁၅:၀၀ | Jumping For You | ၆။ | ၂၂:၂၀ | Goodnight Listeners |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပီလောပီနံနှင့် အစာအဆိပ်သင့်ခြင်းအကြောင်း သိကောင်းစရာ

အစာအဆိပ်သင့်ခြင်းသည် ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ်လူသန်းပေါင်းများစွာကို ထိခိုက်စေသည့် အဖြစ်များသော ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည်။ ဗက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ၊ ကပ်ပါးပိုးများစသည့် အန္တရာယ်ရှိသောရောဂါပိုးများ သို့မဟုတ် ဓာတုပစ္စည်းများသည် အစာအဆိပ်သင့်စေသော အဓိကအကြောင်းရင်းများဖြစ်ပေသည်။ လူသားတို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် တချို့အပင်များသည် အစာအဆိပ်သင့်ခြင်း ဖြစ်ပွားစေသော အကြောင်းရင်းတစ်ခုဖြစ်ခြင်းကို လက်တွေ့လူမှုနယ်ပယ်တွင် သိရှိနားလည်မှုနည်းပါးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဓိကအစားအစာတစ်မျိုးဖြစ်သော ပီလောပီနံတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ကယ်လိုရီနှင့် အာဟာရဓာတ်များစွာ ပါဝင်သော်လည်း သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အဆိပ်အတောက်ဓာတ်များလည်း ပါဝင်သောကြောင့် မှန်မှန်ကန်ကန်မှီဝဲစားသုံးခြင်း မပြုပါက အစာအဆိပ်သင့်ခြင်းဖြစ်ပေါ်စေသည်။ ယခုဆောင်းပါးသည် ပီလောပီနံမှီဝဲစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များ အထူးသဖြင့် အစာအဆိပ်သင့်ခြင်းကိုသတိထားပြီး အန္တရာယ်ကင်းရှင်းစွာစားသုံးရန် လိုအပ်သော ကြိုတင်ကာကွယ်မှုများကို မီးမောင်းထိုးပြထားသည်။







မသန့်ရှင်းသောအစားအစာများ စားသုံးခြင်းကြောင့် အစာအဆိပ်သင့်ခြင်းဖြစ်ပေါ်နိုင်သည်။ အစာအဆိပ်သင့်ခြင်း၏ လက္ခဏာများမှာ ခန္ဓာကိုယ်မသက်မသာဖြစ်ခြင်း၊ ပျို့ခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းဗိုက်နာခြင်း၊ အနည်းငယ်အဖျားတက်ခြင်းမှ ပြင်းထန်သောဖျားနာခြင်းအထိဖြစ်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။ အစာအဆိပ်သင့်ခြင်းကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများမှာ ဗက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ၊ ပိုးသတ်ဆေးများကဲ့သို့သော အန္တရာယ်ရှိသည့် ဓာတုဗေဒပစ္စည်းများပါဝင်သော အစားအစာများကို စားသုံးမိခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်မှစွန့်ထုတ်ထားသော အညစ်အကြေးများတွင် ပါဝင်သည့် ရောဂါပိုးများကို ထိတွေ့ကိုင်တွယ်ရာမှတစ်ဆင့် အစားအစာများအား မသန့်ရှင်းမှုဖြစ်စေပြီး ပြည်သူလူထု၏ ကျန်းမာရေးကိုထိခိုက်စေသော အစားအစာနှင့်ပတ်သက်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပေါ်နိုင်သည်။

ပီလောပီနံသည် တောင်အမေရိကတိုက်တွင် အလေ့ကျပေါက်သည့်အပင်တစ်မျိုးဖြစ်ပြီး အာဖရိကတိုက်၊ အာရှတိုက်နှင့် လက်တင်အမေရိကတိုက်များရှိ အပူပိုင်းဒေသများ၌ ရှင်သန်ဖြစ်ထွန်းစိုက်ပျိုး၍ရသောအပင်ဖြစ်သည်။ ယင်းတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ကယ်လိုရီဓာတ်များစွာပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အဓိကစားသုံးသော ကာဗိုဟိုက်ဒရိတ်အရင်းအမြစ်တစ်ခုဖြစ်သည်။ ပီလောပီနံကို အမျိုးမျိုးချက်ပြုတ်ပြင်ဆင်စားသုံးနိုင်ပြီး ဟင်းလျာအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းချက်ပြုတ်၊ ကြော်လှော်၍ စားသုံးလျက်ရှိကြသည်။ ပီလောပီနံတွင်ပါဝင်သော ကယ်လိုရီဓာတ်သည် ခန္ဓာကိုယ်အတွက်လိုအပ်သောအာဟာရကို အဓိကဖြည့်ဆည်းပေးနိုင်သော်လည်း မှန်မှန်ကန်ကန်မှီဝဲစားသုံးခြင်းမပြုပါက ယင်း၌ပါဝင်သော သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အဆိပ်အတောက်ဓာတ်များသည် ခန္ဓာကိုယ်ကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရှိရသည်။ ပီလောပီနံစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အစာအဆိပ်သင့်ခြင်းသည် ယင်းအပင်၏ မျိုးကွဲမျိုးစိတ်များကြောင့်လည်းကောင်း၊ ပြင်ဆင်ချက်ပြုတ်မှုနည်းလမ်းမမှန်ခြင်းကြောင့်လည်းကောင်း၊ နေထိုင်ရာဒေသ၏ ရာသီဥတုပတ်ဝန်းကျင်အခြေအနေများကြောင့်လည်းကောင်း ဖြစ်ပေါ်စေနိုင်သည်။

ပီလောပီနံကို စနစ်တကျပြင်ဆင်ချက်ပြုတ်ခြင်းမရှိဘဲ မှီဝဲစားသုံးမိပါက ယင်း၌ပါဝင်သော ဆိုင်ယာနိုက်ဓာတ်ကြောင့် အစာအဆိပ်သင့်စေနိုင်သည်။ လူ့ခန္ဓာကိုယ်၌ ဆိုင်ယာနိုက်ဓာတ်လွန်ကဲခြင်းကြောင့် မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ အသက်ရှူရခက်ခဲခြင်း စသော ပြင်းထန်သည့်ရောဂါလက္ခဏာများခံစားရနိုင်ပြီး သေဆုံးသည်အထိ ဖြစ်ပေါ်စေနိုင်သည်။ ပီလောပီနံတွင် သဘာဝအတိုင်း ဖြစ်ပေါ်ပါဝင်နေသော အဆိပ်အတောက်ဓာတ်ဖြစ်သည့် ဆိုင်ယာနိုက်ဓာတ်သည် လူ့ခန္ဓာကိုယ်၏ အောက်ဆီဂျင်အသုံးပြုနိုင်စွမ်းကို အနှောင့်အယှက်ပေးကာ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေသည်။ အဆိုပါဆိုင်ယာနိုက်ဓာတ်သည် ပီလောပီနံတစ်ခါစားသုံးရုံမျှဖြင့် အန္တရာယ်မဖြစ်ပေါ်စေနိုင်ဘဲ ပုံမှန်မှီဝဲစားသောက်နေပါက ဆိုင်ယာနိုက်ဓာတ်များ ခန္ဓာကိုယ်တွင် စုဝေးများပြားလာပြီး အန္တရာယ်ဖြစ်စေကာ အဆိုပါဆိုင်ယာနိုက်ဓာတ်လွန်ကဲလာခြင်းကြောင့် နာတာရှည်ရောဂါများဖြစ်သည့် အာရုံကြောပျက်စီးခြင်းနှင့် သိုင်းရွိုက်ရောဂါများ ဖြစ်ပေါ်စေသည်။

သို့ပါ၍ ပီလောပီနံအစာအဆိပ်သင့်ခြင်း မဖြစ်ပေါ်စေရန် မှန်မှန်ကန်ကန်ချက်ပြုတ်စားသုံးခြင်းဖြင့် ကာကွယ်နိုင်သည်။ ပီလောပီနံအတွင်း ဆိုင်ယာနိုက်ဓာတ်ပါဝင်မှုကိုလျှော့ချရန် ရေတွင်ကြာရှည်စွာစိမ်ထားပြီး အခွံခွာခြင်း၊ ထို့နောက် အချဉ်ဖောက်ပြီး ကြော်လှော်ချက်ပြုတ်ပြီးမှ စားသုံးခြင်းပြုလုပ်ရန် လိုအပ်သည်။ ပီလောပီနံအား ရေတွင် ကြာရှည်စွာစိမ်ထားခြင်းဖြင့် အဆိပ်အတောက်များကို စွန့်ထုတ်နိုင်မည်ဖြစ်သည်။ အချဉ်ဖောက်ခြင်းသည် ပီလောပီနံတွင်ပါဝင်သည့် ဆိုင်ယာနိုက်ဓာတ်များကို လျှော့ပါးစေနိုင်သောကြောင့် ပြုလုပ်ရမည့်ထိရောက်သောနည်းလမ်းဖြစ်သည်။ အပူချိန်များများဖြင့် ပီလောပီနံအားကြော်လှော်ချက်ပြုတ်ခြင်းဖြင့်လည်း ဆိုင်ယာနိုက်ဓာတ်များကို လျှော့ပါးစေပြီး အဆိပ်အတောက်ဖြစ်ပွားမှုနည်းပါးစေသည်။

ကမ္ဘာတစ်ဝန်း၌ နေရာဒေသ၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ ကွဲပြားခြားနားခြင်းကြောင့် ပီလောပီနံကို နေထိုင်ရာဒေသအလိုက် ရိုးရာအစားအစာဖြင့် ပုံစံမျိုးစုံချက်ပြုတ်စားသုံးရန် တီထွင်ခဲ့ကြပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည်။ တိုးတက်လာသောနည်းလမ်းများနှင့်အညီ စနစ်တကျမှီဝဲစားသုံးခြင်းဖြင့် မလိုလားအပ်သော အစာအဆိပ်သင့်ခြင်းကဲ့သို့ ရောဂါများကို ကာကွယ်နိုင်သည်။

အချုပ်အားဖြင့်ဆိုသော် အစာအဆိပ်သင့်ခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် ဆိုးရွားသောအကျိုးဆက်များ ဖြစ်နိုင်သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ပီလောပီနံကို စနစ်တကျချက်ပြုတ်ခြင်း မပြုပါက ပြည်သူလူထု၏ကျန်းမာရေးကို အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း အလေးထားမိစေရန်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာသည် ပီလောပီနံကို အဓိကအစာအရင်းအမြစ်တစ်ခုအဖြစ် မှီဝဲစားသုံးနေကြသော်လည်း ယင်း၌ပါဝင်သောအဆိပ်အတောက်ဓာတ်များလျှော့ပါးစေရေး စနစ်တကျကိုင်တွယ်ချက်ပြုတ်ပြီး စားသုံးရန် လိုအပ်သည်။ ရေတွင်အချိန်ကြာရှည်စွာစိမ်ခြင်း၊ အချဉ်ဖောက်ခြင်းနှင့် အပူချိန်ပြင်းပြင်းဖြင့် ချက်ပြုတ်ခြင်းကဲ့သို့ ရိုးရာဓလေ့နှင့် ခေတ်မီနည်းလမ်းများဖြင့် ကြော်လှော်ချက်ပြုတ်စားသုံးခြင်းဖြင့် လူ၏ခန္ဓာကိုယ်ကို ဘေးဥပဒ်မဖြစ်စေဘဲ အစာအဆိပ်သင့်မှုကင်းဝေးစေကာ အန္တရာယ်ကင်း ဘေးကင်းစွာစားသုံးနိုင်မည်ဖြစ်သည်။ ပီလောပီနံအားစနစ်တကျကိုင်တွယ်ချက်ပြုတ်ခြင်းနည်းလမ်းများ၊ အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများကို ပြည်သူလူထုပိုမိုသိရှိနားလည်အောင် ဆောင်ရွက်ခြင်းဖြင့် ပီလောပီနံအား အဓိကအစာအရင်းအမြစ်အဖြစ် မှီဝဲစားသုံးနေကြသောပြည်သူတို့၏ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာရေးအတွက် အရေးကြီးကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေါက်တာသံလွင်ထွန်း

## ချောင်းဆုံမြို့နယ် ကမာမိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

ချောင်းဆုံ ဇန်နဝါရီ ၁၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံထူးချွန်သူများဖြစ်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကိုသိရှိစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီလ ၁၁ ရက်က ကမာမိုအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရွှေဟသာ်ခန်းမ၌ လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက လူငယ်များ ဘက်စုံထူးချွန်၍ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်နှင့် အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ စာပေဖတ်ရှုခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး၊ ကြိုတင်ပြင်ဆင်အောင်ပွဲဝင် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့



# ဒုံသို့ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကွင်းဆင်းစစ်ဆေး



ဘားအံ ဇန်နဝါရီ ၁၂

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဒေသထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်စေရန် ဒုံသို့ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ဘားအံခရိုင်ဦးစီးအရာရှိ(နည်းပညာ)ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်မှတာဝန်ရှိသူများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ကုန်ထုတ်လမ်းကို သတ်မှတ်ကာလအတွင်းအရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဒုံသို့ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၃ ပေ ၉ လက်မ မြေနှင့်ဂဝံလမ်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၁၆ ဒသမ ၄၂၇ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုသက်

# မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းဆောင်ရွက်



ရွှေကျင် ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ရွှေကျင်မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်ကြောင်းသိရသည်။

မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်လတ်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ညီညီလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီအဖွဲ့တို့က ဈေးအတွင်း လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးကပ်မီးချိတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲကြီးသီးနှံဧက ၁၂၀၀ ကျော်စိုက်ပျိုးပြီးစီး

ချောင်းဦး ဇန်နဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲကြီးဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယမန်နှစ်အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၁၂၁၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန် ချောင်းဦးမြို့နယ်မှာ ပဲကြီးဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာစတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးကပြောသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်သည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

(၄၀၉)

# မာတာကျေးဇူး မြင်းမိုရ်ဦး

* သုဝဏ္ဏသျှံ၊ အဆိပ်မြားမှန်၍
သေအံ့မူးမူး၊ ဖြစ်ချိန်ထူးဝယ်
အဦးအဖျား၊ မေတ္တာထား၍
နှစ်ပါးမိဘ၊ ဒုကုလနှင့်
တကွညီစွာ၊ ပါရိကာတို့
တောင်းကာဆုမျိုး၊ သားရွှေအိုးထမ်း
မြင်ချင်စမ်းဟု
ရှင်လန်းကြည်သာ၊ ဆုတောင်းခါတွင်
သားမှာမြားဆိပ်၊ ပြေသိပ်ခဲ့။

* ဆုတောင်းသူများ၊ မိဘနှစ်ပါးလည်း
မြင်သွားမျက်စေ့၊ အလင်းတွေ့၍
ပျော်မွေ့ကြည်သာ ဖြစ်ရပါ၏။

* သရုပ်ပြဆို၊ ထိုထိုမေတ္တာ
မိမာတာ၏၊ နှစ်စွာနှလုံး
သည်းအူတုံးပါ၊ ရတနာကို
မေတ္တာဖြင့်ကု၊ အထူးပြုခဲ့
မှတ်ဖွယ့်စဉ်လာ၊ ကျေးဇူးဖြာသည်
မာတာမိခင် ကျေးဇူးရှင်။

* သြော်…
အမှောင်ကိုခွင်း၊ ချစ်ခြင်းမေတ္တာ
မိမာတာ၏၊ ရင်မှာပျိုးခင်း
အလျှဉ်းပေါ်လွင်၊ စိတ်တွင်ထင်းထင်း
ရှင်းရှင်းသိသာ၊ မြင်သောခါဝယ်
သာယာကြည်နူး၊ ထိပ်မှာဦးတင်
ရှိခိုးပါသည် မိခင်မာတာ ဂုဏ်အင်္ဂါ။ ။

**ဘိုမျိုး(ရွှေဘို)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၁၃-၁-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၇:၁၆ | မေတ္တာပို့ | ၈။ | ၁၃:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၂။ | ၀၇:၂၀ | ဓမ္မပူဇာတေး | ၉။ | ၁၄:၀၀ | Myanmar Traditional Food |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၀။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံး တေးသီချင်းများ |
| ၄။ | ၀၉:၀၀ | Soft Skill | ၁၁။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၅။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း | ၁၂။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ အသေဝနာစဗာလာနံ |
| ၆။ | ၁၁:၀၀ | တစ်ချိန်က သူတို့အကြောင်း | ၁၃။ | ည ၈ နာရီ သတင်း အပြီး | နိုင်ငံတကာသတင်း |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၄။ | | Sharing Knowledge |

# ယခုဘဏ္ဍာနှစ်ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ခြောက်ထောင်ကျော် တင်ပို့နိုင်ခဲ့

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ခြောက်ထောင်ကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၅၀၇၅ ဒသမ ၈၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၃၅ သန်းရရှိခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၁၇၇ ဒသမ ၁၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းရရှိသည့်အတွက် ပြည်ပသို့ပုစွန်တင်ပို့မှု စုစုပေါင်း မက်ထရစ်တန် ၆၂၅၃ ဒသမ ၀၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၃၅ သန်းရရှိထားကြောင်း သိရသည်။



မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးအစရှိသည့်ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံ စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့မှ တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**စောယု**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

သာယာဝတီ ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငဖြူကလေးကျေးရွာအုပ်စု လှဲဇင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့်ဝန်ထမ်းများက လှဲဇင်ကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန်ဆွေးနွေးမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှဲဇင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ငွေကျပ် သိန်း ၆၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# မန္တလေးပဲဈေးကွက်အတွင်း ပေါ်ဦးပေါ်ဖျားပဲစင်းငုံအသစ်များ လှိုင်လှိုင်ဝင်ရောက်နေ



မန္တလေး ဇန်နဝါရီ ၁၂

မန္တလေးပဲဈေးကွက်အတွင်း ဇန်နဝါရီလဆန်းပိုင်းမှစ၍ ပေါ်ဦးပေါ်ဖျား ပဲစင်းငုံအသစ်များ လှိုင်လှိုင်ဝင်ရောက်နေကာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ပြောကြားချက်အရ သိရသည်။

ယခုရက်ပိုင်း မန္တလေးပဲဈေးကွက်အတွင်းဝင်ရောက်လာသော ပဲစင်းငုံအသစ်များသည် ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း စသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသော ပေါ်ဦးပေါ်ဖျားပဲစင်းငုံအသစ်များဖြစ်ပြီး လက်ရှိတွင် အဆိုပါ ပဲစင်းငုံအသစ်များ အရောင်းအဝယ်သွက်လျက်ရှိသည်။

ပဲစင်းငုံကို ပြည်တွင်းစားသုံးမှုထက် ပြည်ပသို့ ပိုမိုတင်ပို့နေရပြီး အဓိကဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံသို့ G to G စာချုပ်ချုပ်ဆိုကာ နှစ်စဉ် တန်ချိန်အမြောက်အမြား တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ပဲစင်းငုံကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

ပဲစင်းငုံသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော အဓိကပဲသုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည့်အတွက် တောင်သူများက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ နိုင်ငံတော်မှလည်း အထွက်နှုန်းကောင်းသော ပဲစင်းငုံမျိုးများ၊ ရာသီဥတုဒဏ်ခံနိုင်သောမျိုးများကို ဖြန့်ဝေပေးလျက်ရှိပြီး ပဲစင်းငုံစံပြစိုက်ကွက်များ စိုက်ပျိုးထားရှိကာ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မင်းလှမြို့နယ် ကုန်းကြီးကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေး

မင်းလှ ဇန်နဝါရီ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုန်းကြီးကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၁၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းချေးငွေ ငွေကျပ် ၄၁ ဒသမ ၄ သန်းကို ကုန်းကြီးကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံကိန်းတာဝန်ခံ၏ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၂ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၂ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၂ ဒသမ ၅၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ် ၂ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၀ ဦးအတွက် ငွေကျပ် ၄၁ ဒသမ ၄ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ် အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုလေး**

# ရှေးဟောင်းဝတ္ထုပစ္စည်းများအား နိုင်ငံတော်သို့အပ်နှံပါက ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိ

## ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

ရှေးယခင် ဘိုးဘေးဘီဘင်များ လက်ထက်က ပြုလုပ်သုံးစွဲခဲ့ကြသည့် ဝတ္ထုပစ္စည်းများသည် နောင်အနာဂတ် မျိုးဆက်သစ်များအတွက် ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းရမည့်ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်ပါသည်။ ၎င်းဝတ္ထုပစ္စည်းများသည် သမိုင်းခေတ်ကာလ တစ်ခုကို ဖော်ညွှန်းပြသနိုင်သည့် အသုံးပြုမှု၊ အနုလက်ရာမြောက်မှု၊ ရှားပါးမှု၊ သမိုင်းဆိုင်ရာတန်ဖိုးရှိမှုများရှိပြီး နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိပါက ရှေးဟောင်းဝတ္ထုပစ္စည်းဟု သတ်မှတ်ပါသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုသမိုင်းကြောင်း ခိုင်မာပြည့်စုံစွာတည်ရှိခဲ့သည်နှင့်အတူ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများကို သမိုင်းမတင်မီကာလ ကျောက်ခေတ်မှသည် သမိုင်းကြိုကာလ ကြေးခေတ်၊ သံခေတ်၊ သမိုင်းတင်ခေတ်၊ မျက်မှောက်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်ဖန်တီးပြုလုပ်သုံးစွဲခဲ့ကြပါသည်။ ထိုပစ္စည်းများသည် နိုင်ငံ၏ယဉ်ကျေးမှုတန်ဖိုးနှင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်းပြသနေသော ဝတ္ထုပစ္စည်းများပင်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့အပြား မြေပေါ်တွင်လည်းကောင်း၊ မြေအောက်မှလည်းကောင်း၊ ရေပေါ်ရေအောက်တွင်လည်းကောင်း အများအပြားတွေ့ရှိနိုင်ပါသည်။

ရှေးဟောင်းဝတ္ထု ပစ္စည်းများကို ရှေးဟောင်းဒေသများနှင့် ဆက်စပ်လျက်ရှိသည့်နေရာများ၌ သုတေသနပြုလေ့လာခြင်းများမှတွေ့ရှိရသကဲ့သို့ ထွန်ယက်စိုက်ပျိုးခြင်း၊ ကျင်းတူးခြင်း စသည့် လုပ်ငန်းများဆောင်ရွက်စဉ် မတော်တဆတွေ့ရလေ့ရှိပါသည်။ ထိုသို့ မတော်တဆတွေ့ရှိသည့်အခါ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ကို မသိနားမလည်ကြသူများက တွေ့ရှိပစ္စည်းများသည် ရွှေထည်များ၊ ရွှေထည်ကဲ့သို့သော တန်ဖိုးရှိသောဝတ္ထုပစ္စည်းများဖြစ်လျှင် ချက်ချင်းထုခွဲရောင်းချချင်လေ့ရှိကြပါသည်။ ထိုကဲ့သို့ ရှေးဟောင်းဝတ္ထုပစ္စည်း သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းဟုယူဆရသည့် မသိနားမလည်မှုကြောင့် လုပ်ဆောင်လိုက်မှုသည် ရှေးဟောင်းဝတ္ထုပစ္စည်းနှင့် သက်ဆိုင်သည့်ဥပဒေကို ချိုးဖောက်ကျူးလွန်မှုဖြစ်သည်ကိုလည်း သိရှိနားလည်သူနည်းပါးပါသည်။ ထို့ကြောင့် မည်သည့်အရာဝတ္ထုပစ္စည်းကိုမဆိုတွေ့ရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ သတင်းပေးပို့အကြောင်းကြားခြင်းသည်အကောင်းဆုံးသော ဆောင်ရွက်မှုပင်ဖြစ်ပါသည်။



၂၀၀၅ ခုနှစ်တွင် မိုင်းမောကျေးရွာ အရှေ့တောင်ဘက် ကင်းတားဆည်လက်တံဖောက်လုပ်ရာမှတွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့အပ်နှံခဲ့သည့် ပျူခေတ်ဗုဒ္ဓစေတီတော်များနှင့်ငွေစေတီများကိုတွေ့ရစဉ်။



ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်နေမှုကို တွေ့ရစဉ်။




ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ များပေးအပ်နေမှုကို တွေ့ရစဉ်။





သတင်းပေးပို့အကြောင်းကြားခြင်းအားဖြင့် တွေ့ရှိသူအတွက် အကျိုးကျေးဇူးအလွန်များသည်ကိုလည်း တင်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို အစွန့်ရှည်တည်တံ့စေရန်၊ ပျက်စီးယိုယွင်း ပျောက်ဆုံးခြင်းများမှ ကာကွယ်နိုင်ရန်၊ အများပြည်သူများ ရှေးဟောင်းဝတ္ထုပစ္စည်းများ၏တန်ဖိုးမြင့်မားမှုကိုနားလည်၍ တာဝန်သိစိတ်ဖြင့် ကာကွယ် ထိန်းသိမ်းနိုင်စေရန်အတွက် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းကို တွေ့ရှိသတင်းပို့သူအတွက် ပထမဆုံးသောအကျိုးကျေးဇူးမှာ ဥပဒေကို ချိုးဖောက်ကျူးလွန်ခြင်းမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကိုပေါ်လွင်စေပါသည်။ ဒုတိယအချက်အနေဖြင့် တွေ့ရှိ၍ သတင်းပို့အကြောင်းကြားခဲ့သူအား နိုင်ငံတော်က ပြန်လည်ဂုဏ်ပြုသည့်အနေဖြင့်

**စာမျက်နှာ ၁၂ သို့ ▸▸**

▸▸ စာမျက်နှာ ၁၁ မှအဆက်

တွေ့ရှိသည့် ဝတ္ထုပစ္စည်း၏ ကာလပေါက်ဈေးအပြင် ခေတ်ကာလကြေး၊ ခေတ်လက်ရာကြေးများကိုပါ ထပ်ဆောင်းချီးမြှင့်သည့်အတွက်ကြောင့် မူလတန်ဖိုးထက် သုံးဆမျှသော ဆုကြေးငွေများကို ရရှိမည်ဖြစ်ပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများ နိုင်ငံတော်ကိုအပ်နှံခြင်းနှင့်ပတ်သက်၍ အများပြည်သူများ နားလည်သဘောပေါက်စေရန်နှင့် အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလိုသောအသိစိတ်များ ပြန့်ပွားတိုးတက်လာစေရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အသိပညာပေးခြင်း၊ အပ်နှံသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဂုဏ်ပြုချီးမြှင့်မှုများကို အများပြည်သူများသိရှိနိုင်စေရေး အသိပေးတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်မှုများကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို သိရှိပြီး တာဝန်သိစိတ်ဖြင့် လာရောက်အပ်နှံကြသည့်ပြည်သူများလည်းရှိပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို တာဝန်သိစိတ်ရှိစွာ လာရောက်အပ်နှံပါက လာရောက်အပ်နှံသူကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်လျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ရွှေ ၃၁၄၄ ခု၊ ငွေ ၈၃၃ ခု၊ ကြေး ၇၅၃ ခု၊ အခြား ၂၇၈၀၈ ခု စုစုပေါင်း ၃၂၅၃၈ ခုအတွက် ဆုကြေးငွေကျပ် ၅၆၈၄၃၀၀၈၅ ကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲဆောင်ရွက်နေမှုကို အများပြည်သူများကျယ်ကျယ်ပြန့်ပြန့်မသိရှိကြသည့်အချက်ကို အခွင့်ကောင်းယူ၍ ရှေးဟောင်းပစ္စည်းများကို တရားမဝင်ဝယ်ယူစုဆောင်းလျက်ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ ကျေးရွာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်သောလုပ်သားများက လုပ်ငန်းဆောင်ရွက်ရာမှ မတော်တဆတွေ့ရှိရသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမပြုဘဲ မူလလက်ရာပျက်စီးစေရန် အရည်ကျို၍ ထုခွဲရောင်းချသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းများကို ဖော်ညွှန်းပြသနေသော အမွေအနှစ်ပစ္စည်းများဖြစ်သဖြင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီး၍ ကာကွယ်ထိန်းသိမ်းရမည် ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို မတော်တဆတွေ့



၂၀၁၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာ အနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့ အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ ရွှေပုတီးစေ့နှင့် ရွှေပြားများကိုတွေ့ရစဉ်။

ရှိခဲ့လျှင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ လာရောက်အပ်နှံပါက လွှဲပြောင်းအပ်နှံသူကို အကျိုးခံစားခွင့်ရှိသူအဖြစ်သတ်မှတ်၍ အပ်နှံသည့်ဝတ္ထုပစ္စည်း၏ မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုးအပြင် ရှားပါး၍အနုလက်ရာပြောင်မြောက်သည့် ဝတ္ထုပစ္စည်းများဖြစ်ပါက ထပ်ဆောင်းတန်ဖိုးကိုပါ ထပ်တိုးတွက်ချက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လျက်ရှိပါသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို ၎င်းပစ္စည်း၏ ခေတ်ကာလအပေါ်မူတည်၍ ဆုကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းထိ ချီးမြှင့်လျက်ရှိသကဲ့သို့ လက်ရာပြောင်မြောက်ကောင်းမွန်လျှင် လက်ရာကြေးအမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းထိ ထပ်မံချီးမြှင့်ပေးလျက်ရှိပါသည်။ အပ်နှံသည့် ရွှေ၊ ငွေပစ္စည်းများကို လာရောက်အပ်နှံသည့် အချိန်ကာလတွင်ရှိသည့် ပေါက်ဈေးနှုန်းအတိုင်း ဆုကြေးတွက်ချက်ခြင်းဖြစ်ရာ ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံသူသည် နေ့စဉ် ပေါက်ဈေးကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုးအပါအဝင် အများဆုံး သုံးဆအထိ ချီးမြှင့်ငွေရရှိမည်ဖြစ်ပါသည်။ လာရောက်အပ်နှံသည့်နေ့မှစတင်၍ ရက်သတ္တနှစ်ပတ်မှ အများဆုံးလေးပတ်အတွင်း ဆုကြေးငွေ ချီးမြှင့်ပေးလျက်ရှိပါသည်။

သာဓကအနေဖြင့်၂၀၁၅ခုနှစ်က မိုင်းမော ပျူမြို့ဟောင်းမှ ရွှေဖြင့်ပြုလုပ်ထားသည့် ပျူခေတ်ဘုရားဆင်းတုနှင့်စေတီငယ်များကို နွားကျောင်းသားတစ်ဦးက အမှတ်မထင်ရရှိခဲ့ပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည့်အတွက် ၎င်းအားနေ့စဉ်ပေါက်ဈေးဖြင့်တွက်ချက်သော ပစ္စည်း၏မူလတန်ဖိုးအပြင်လက်ရာကြေးနှင့်ခေတ်ကာလကြေးပါ ထည့်သွင်းတွက်ချက်၍ သိန်း ၁၅၀ ကျော် ဆုချီးမြှင့်ပေးအပ်ခဲ့သည့် သာဓကလည်းရှိခဲ့ပါသည်။ ၎င်းအပြင် ၂၀၁၈ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ဖြူကျေးရွာအနောက်ဘက် ပေ ၁၀၀၀ ခန့်အကွာရှိ ချောင်းကမ်းပါးပြိုကျရာမှတွေ့ရှိသော ပျူခေတ်လက်ရာအနုပညာပြောင်မြောက်သော ရွှေအရည်အသွေး ၂၂ ကာရက်၊ အလေးချိန် ၁၇၉ ဒသမ ၅ ဂရမ်ရှိသည့် ရွှေပုတီးစေ့ ၁၃ စေ့နှင့် ရွှေကနုတ်ပုံလက်ရာပါရှိသည့် ဆွဲပြားတစ်ခု စုစုပေါင်းရွှေထည်ပစ္စည်း ၁၄ ခုနှင့် ရတနာပုံခေတ်လက်ရာ ကြေးအလေး နှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တာဝန်သိစွာအပ်နှံခဲ့ခြင်းအတွက် မူလတန်ဖိုး၊ ခေတ်ကာလတန်ဖိုး၊ ခေတ်လက်ရာတန်ဖိုး၊ ထပ်ဆောင်းတန်ဖိုးအပါအဝင် ဆုကြေးငွေကျပ် ၃၄၉၃၆၈၆၁ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့ကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိခဲ့ပါက သတင်းပို့အကြောင်းကြား၍ နိုင်ငံတော်သို့အပ်နှံခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည်ဖြစ်ပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကို မသိနားမလည်၍ဖြစ်စေ၊ သိရှိနားလည်၍ဖြစ်စေ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို တူးဖော်ရှာဖွေခြင်း၊ အကြောင်းအမျိုးမျိုးကြောင့်တွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အပ်နှံခြင်းမပြုဘဲ အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်း စသည့် မူလပုံစံ ပျက်ယွင်းစေခြင်းများ ပြုလုပ်ပါက ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ အရ ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ခံရမည်ဖြစ်ပြီး ပစ္စည်းများကိုပါ နိုင်ငံတော်က သိမ်းဆည်းမည်ဖြစ်ပါသည်။



၂၀၁၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် လက်ခုတ်ပင်ကျေးရွာမှ ဒေါ်ကေသဇင်ကျော်တွေ့ရှိခဲ့ပြီး ဦးစီးဌာနသို့ အပ်နှံခဲ့သည့် ပျူခေတ်လက်ရာ နရားခေါင်းပုံပါ လက်ကြပ်တစ်ကွင်းကို တွေ့ရစဉ်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့လာရောက်အပ်နှံသော ရှေးဟောင်းဝတ္ထုပစ္စည်းများအနက် ခေတ်ကာလအသီးသီးနှင့်သက်ဆိုင်သောပစ္စည်းများကို အများပြည်သူများလေ့လာနိုင်စေရန် အမျိုးသားပြတိုက်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုပြတိုက်များတွင် ပြသထားရှိပါသည်။ သို့ပါ၍ အများပြည်သူများက ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ တန်ဖိုးကြီးမားမှုကို နားလည်သိရှိပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ကာကွယ်ထိန်းသိမ်းပေးရန် လိုအပ်ပါသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် မတော်တဆတွေ့ရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အရည်ကျိုခြင်း၊ ထုနှက်ပုံဖျက်ခြင်း၊ မူလလက်ရာပုံစံဖျက်ဆီးခြင်းများ မပြုလုပ်ရန်နှင့် တရားမဝင်ရောင်းဝယ်ခြင်းများမပြုလုပ်ရန် လိုအပ်ပါသည်၊ တာဝန်သိသိဖြင့် နိုင်ငံတော်သို့အပ်နှံပါက ကာလပေါက်ဈေးထက် ပိုမိုများပြားသောဆုကြေးငွေများ ချီးမြှင့်ရရှိခြင်းနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာပါ ချီးမြှင့်ပေးလျက်ရှိပါသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မတော်တဆတွေ့ရှိခဲ့ပါက သက်ဆိုင်ရာသို့အကြောင်းကြားခြင်း၊ နိုင်ငံတော်သို့အပ်နှံခြင်းဖြင့် မိမိတို့၏ အမွေအနှစ်များ မပျောက်ပျက်အောင် ဆောင်ရွက်ရာလည်းရောက်သကဲ့သို့ မိမိနှင့် မိမိအသိုင်းအဝိုင်းတွင်ပါ ဂုဏ်သိက္ခာရှိသူများဖြစ်လာကြပါမည်။ မိမိတိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို အခြားသောတရားမဝင်နေရာများနှင့် မသမာသူများလက်မှ တစ်ဆင့် နိုင်ငံပြင်ပသို့ရောက်ရှိမသွားရလေအောင် ပြည်သူများကလည်း ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုပါကြောင်းတိုက်တွန်းအပ်ပါသည်။ ။

# ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(၁/၂၀၂၅)အစည်းအဝေးကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅)အစည်းအဝေးကို ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်က ရှမ်းပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ ခရီးစဉ်ဒေသများ သာယာလှပရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားမြှင့်တင်ရေးပွဲတော်များ ကျင်းပပေးရေးတို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းကို လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပွင့်ပွင့်လင်းလင်းတင်ပြပေးကြရန် ပြောကြားသည်။


ထို့နောက် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ ရှမ်းပြည်နယ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများနှင့်ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဆွေးနွေးတင်ပြ၍ ဆွေးနွေးတင်ပြချက်အပေါ် လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏာ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြိုင်ပွဲဝင် ဘင်ခရာအဖွဲ့များ၏ အလေးပြုခြင်းကို ခံယူပြီး အမှာစကားပြောကြား၍ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။



ထို့နောက်ပြိုင်ပွဲဝင်ဘင်ခရာအဖွဲ့များက ကျောင်းသား၊ ကျောင်းသူများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က ပြိုင်ပွဲတွင် သတ်မှတ်ထားသည့် သရုပ်ဖော်ပြကွက်များဖြင့် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘင်ခရာပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ဝတ်စားဆင်ယင်မှု၊ တူရိယာပစ္စည်းများ သန့်ရှင်းသပ်ရပ်မှု၊ ကိုင်ဆောင်မှုမှန်ကန်ခြင်း၊ သရုပ်ဖော်ပြကွက်များ၊ ဆန်းသစ်တီထွင်မှုသရုပ်ဖော်ပြကွက်များ၊ ပြိုင်ပွဲဝင်ပြကွက်နှင့်သီချင်းကိုက်ညီမှုရှိ/မရှိ သတ်မှတ်ချိန်နှင့်ကိုက်ညီမှုရှိ/မရှိများအပေါ် အကဲဖြတ်ဒိုင်များက အမှတ်ပေးဆုံးဖြတ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါဘင်ခရာပြိုင်ပွဲတွင် ပထမဆုမှ ပဉ္စမဆုအထိ ဆုပေးအပ်ချီးမြှင့်၍ ကျန်အဖွဲ့များအား အထူးဆုအဖြစ်လည်းကောင်း၊ ကျိုင်းဆုများကို ပထမဆုမှပဉ္စမဆုအထိလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဝန်းရံခ**

---

○ **ရှေ့ဖုံးမှအဆက်**

မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

နှစ်သစ်ကူးပွဲတော်ကို မိုင်းကိုးကျေးရွာအုပ်စုရှိ နမ့်တွန်၊ မေတ္တိ၊ နမ့်မွမ်း၊ ပါဆန်းနှင့် အောက်ကာဘကျေးရွာတို့ရှိ တောင်ပေါ်နှင့် ကျေးရွာအသီးသီး၌နေထိုင်သော လားဟူတိုင်းရင်းသားလူငယ်မောင်မယ်အကအဖွဲ့များက အဖွဲ့လိုက် ရှေးရိုးရာဘူးပလွေမြေဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျေးရွာလူငယ်မောင်မယ်များက သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်တို့အား ရိုးရာလက်ဆေးမင်္ဂလာကျင်းပကြသည်။

လားဟူတိုင်းရင်းသားများသည် တစ်နှစ်တာကို တိရစ္ဆာန်အကောင် ၁၂ ကောင်ဖြင့် သတ်မှတ်ထားရှိပြီး ၂၀၂၄ ခုနှစ် ယုန်နှစ်မှ ၂၀၂၅ ခုနှစ် ရှဉ့်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံးနှင့် အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားသည်။ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိသည့် ဥယျာဉ်ခြံမြေထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို ဦးဦးဖျားဖျား စုပေါင်းပါဝင်လှူဒါန်းမှုပြုလုပ်ကြပြီး ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထိုအပင်ကိုဝိုင်းပတ်၍ ၎င်းတို့၏ အထိမ်းအမှတ် ဘူးပလွေဖြင့်တီးမှုတ်ဖျော်ဖြေကပြသည်။ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာခံယူသော ပွဲတော်ကြီးတစ်ခုလည်းဖြစ်သည်။



လားဟူတိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကိုအမှီပြု၍ ကျိုင်းတုံခရိုင်တွင် အများဆုံးနေထိုင်သော လားဟူအနက်၊ မိုင်းဆတ်မြို့နယ်တွင်အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ ထိုင်းနယ်စပ်နှင့် လာအိုနယ်စပ်တို့တွင် ပျံ့နှံ့နေထိုင်သော လားဟူအဖြူနှင့် လားဟူရှီးဟူ၌ ယနေ့အထိ လားဟူမျိုးနွယ်စု ၃၀ ခန့်အထိရှိကြောင်း သိရသည်။ **မြင့်မိုရ်၊ နေမင်း**

---

# မိုင်းခတ်မြို့နယ်ရှိ ကျေးရွာသုံးရွာကို ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီး



မိုင်းခတ် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းခတ်မြို့နယ် ဝမ်ပြန်ကျေးရွာ၊ ယန်းတောင်းကျေးရွာနှင့် ဆွပ်ပလောင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနိုင်ရန် ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်၊ မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက နမ့်လွေချောင်းဘေးတွင် အဆိုပါကျေးရွာသုံးရွာကို ဆိုလာစနစ်ဖြင့် သောက်သုံးရေများဖြန့်ဝေပေးရန် အရှည် ၁ မိုင် ၇ ဖာလုံရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ၁၅ ဒသမ ၅၄ ကီလိုဝပ်ရှိ ဆိုလာ၂၈ ချပ် တပ်ဆင်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာများသို့ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ရေပေးဝေရေးနည်းစနစ်များနှင့် နည်းစနစ်မှန်မှန်သုံးစွဲနည်းတို့ကို ဆွေးနွေးမှာကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၆၄၆ သန်းဖြင့် အကုန်အကျခံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဝမ်ပြန်ကျေးရွာ၊ ယန်းတောင်းကျေးရွာနှင့် ဆွပ်ပလောင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများသန့်ရှင်းသည့်သောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွှန့်(ကျေးလက်)**

---

# မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)၌ ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဆင်းပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင် လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်နှင့် မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ) တာဝန်ခံတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားအားလုံးကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ ရက် ၉၀ ဖြစ်ကာ မူးယစ်ဆေးဖြတ်ပြီး သင်တန်းသားများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးကြောင်း သိရသည်။

**မောင်အိုးစည်**



# မဟာမြတ်မုနိဘုရားကြီး ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက်ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာ၊ ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားနှင့် ချောင်းဆုံမြို့နယ်ရှိ ရှေးဟောင်းသာသနိက အဆောက်အအုံများအား သွားရောက်ကြည့်ရှု



**မော်လမြိုင် ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ နာဂဝိသတောင်ရိုးတန်းတွင် တင့်တယ်သပ္ပာယ်စွာ ပွင့်ထွန်းတည်ထားကိုးကွယ်တော်မူသော မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ဘုရားကြီး၏ ဦးသျှောင်မကိုဋ်တော်အား ရွှေစင်၊ ရွှေသား၊ ရွှေပန်းခက်ထုဆစ်ခြင်း(ဗုဒ္ဓပူဇာ) မင်္ဂလာနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ဘုရားကြီးဝင်းအတွင်းရှိ သုခချမ်းသာကျောင်းဆောင်တော်ကြီး၌ကျင်းပရာ သြဝါဒါဆရာတော်ကြီးများက ဦးစီးအမှူးပြု၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩဝဒ့်ပရိသတ်အပေါင်းတို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မော်လမြိုင်မြို့ ဗုဒ္ဓသာသနသိပ္ပံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံမှမေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်အရှင်သူမြတ်တို့ထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည်ချောင်းဆုံမြို့နယ်ကွမ်းသဲကျေးရွာ ကျိုက်ကွဲတောင် ရှေးဟောင်းသမိုင်းဝင် ဘုန်းတော်ကြီး ဦးသီလတောင်ပေါ်ဂူနှင့် ဘုန်းတော်ကြီးဦးသီလရဟန္တာသိမ်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုပြီး တာဝန်ရှိသူများအား ရှေးဟောင်းသမိုင်းဝင် သာသနိကအဆောက်အအုံများ မူလပုံစံအတိုင်း ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားပြီး ဦးသီလတောင်ပေါ်ဂူကျောင်းဆရာတော် ဘဒ္ဒန္တပညာဓိကအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချောင်းဆုံအရှေ့ပိုင်းရပ်ကွက် ဘုရားကြီးကုန်းရပ်ရှိရဟန္တာသိမ်တော်ကြီး၊ တောင်စွန်းကျေးရွာအုပ်စု မုနိုင်းကျေးရွာ ကလျာဏီသိမ်တော်ကြီးတို့အား သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအား ရှေးသူတော်ကောင်းများ ဆောက်လုပ်လှူဒါန်းခဲ့သော သမိုင်းဝင်သာသနိကအဆောက်အအုံများပျက်စီးယိုယွင်းမှုမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများတွင် ရှေးမူလပုံစံမပျက် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်းမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်စွန်းကျေးရွာ ရွှေဘုရားကျောင်းဆရာတော် ဘဒ္ဒန္တခေမာအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ) (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျက်သရေဆောင် ပြည်ကြီးချမ်းသာမဟာစေတီတော်(မြို့ဦးစေတီ) (၂၆)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ညနေ ၃ နာရီတွင် ပြည်ကြီးချမ်းသာမဟာစေတီတော်မြတ်ကြီး (မြို့ဦးစေတီ)၌ ကျင်းပသည်။

ဦးစွာ ပြည်ကြီးချမ်းသာမဟာစေတီတော်မြတ်ကြီး(မြို့ဦးစေတီ)၏ သန္တိသုခဓမ္မာရုံ၌ ကြွရောက်တော်မူလာကြသော သံဃာတော်များနှင့် စေတနာရှင်ပြည်သူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သြဝါဒါစရိယ စေတီတော်သြဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တနေမိန္ဒ အရှင်သူမြတ်ထံမှ ဩဝဒ့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက ဗုဒ္ဓပူဇနိယပွဲတော်ဆိုင်ရာ ကျေးဇူးတင်စကားလျှောက်ထားပြီး ပြည်ကြီးချမ်းသာမဟာစေတီတော်မြတ်ကြီး(မြို့ဦးစေတီ)၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌက ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန်လုပ်ငန်းများအားလျှောက်ထားတင်ပြကာ ဒုတိယဥက္ကဋ္ဌက ဆွမ်းဆန်စိမ်းလောင်းလှူမှုစာရင်းအား ဖတ်ကြားသည်။

ဆက်လက်၍ ဩဝဒ့်ပရိသတ်များက စေတီတော်သြဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသူရိယထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များအမှူးပြု၍ ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်းသိရသည်။

သိန်းဝင်း

နံနက်စောစောနေရောင်ခြည်သည်
အရိုးအဆစ်များကို သန်မာစေနိုင်သည်။

# ပခုက္ကူတက္ကသိုလ်၌ အဝေးသင်သင်တန်း(တတိယအကြိမ်) ဘွဲ့နှင်းသဘင်အခမ်းအနားဆက်လက်ကျင်းပ



**ပခုက္ကူ ဇန်နဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၏ ၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်း (တတိယအကြိမ်) ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပခဲ့သော အဝေးသင်သင်တန်းစာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘွဲ့ရမောင်မယ်ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့အား ဘွဲ့များ အသီးသီးအပ်နှင်းသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့်မိဘဆွေမျိုးများ တက်ရောက်ကြကြောင်းသိရသည်။

ဘာမီသာ(ပခုက္ကူ)

# ကမ္ဘာ့ဟင်ဒီနေ့အခမ်းအနားကျင်းပ

နေပြည်တော်  ဇန်နဝါရီ  ၁၂

၂၀၂၅ ခုနှစ် ကမ္ဘာ့ဟင်ဒီနေ့အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး Swami Vivekananda ယဉ်ကျေးမှုစင်တာ၌ကျင်းပသည်။

အခမ်းအနားသို့ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ ဟင်ဒီဘာသာစကားကို စိတ်ဝင်စားကြသော ဝါသနာရှင်များ၊ စာရေးဆရာများ၊ UP Bihar Parishad၊ Ramayana Prachar Prasar Samiti, Yangon၊ Myanmar Hindi Teachers' Association၊ Arya Samaj နှင့် ဘာသာရေးအဖွဲ့အစည်းအသီးသီးမှကြီးမှူးသော ကျောင်းများမှတာဝန်ရှိသူများနှင့် ကျောင်းသားများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Abhay Thakur နှင့် ဧည့်သည်တော်များက အခမ်းအနားကို ဆီမီးထွန်းဖွင့်လှစ်ကြပြီး သံအမတ်ကြီး Shri Abhay Thakur က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဟင်ဒီဘာသာဖြင့် ကဗျာရွတ်ဆိုခြင်း၊ ဟောပြောခြင်း၊ အထွေထွေဗဟုသုတပဟေဠိများနှင့် စာစီစာကုံးရေးသားခြင်း၊ ကျောင်းသားများနှင့် ဆရာများပါဝင်သောပြိုင်ပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ကြပြီး "Hindi: Vishwa bandutav ki bhasha" စာအုပ်မိတ်ဆက်အစီအစဉ်ကို ဆောင်ရွက်သည်။

ယင်းနောက် သံအမတ်ကြီး Shri Abhay Thakur က မြန်မာနိုင်ငံရှိ ဟင်ဒီဘာသာစကားသင်ကျောင်းများအတွက် ဖတ်စာအုပ်များကိုပေးအပ်ပြီး ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)



# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ဇန်နဝါရီလ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်





မန္တလေး ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ၏အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော် ( Floral Fantasia 2024)သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ထားကြောင်း သိရသည်။

"ပြင်ဦးလွင်မြို့ကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်မှုများသလို နေ့ထူးနေ့မြတ်ကာလ၊ အခါကြီးရက်ကြီးတွေမှာဆိုရင် အနယ်နယ်အရပ်ရပ်က ပြည်သူတွေပါ လာရောက်လည်ပတ်မှုများပါတယ်။ ပြင်ဦးလွင်မြို့မှာ သဘာဝအလှအပရှုခင်းတွေကိုကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်မယ့်နေရာတွေ အများကြီးရှိပါတယ်။ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက်ပန်းပွဲတော် (Floral Fantasia 2024) ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ သတ်မှတ်ထားရာကနေ ဇန်နဝါရီလ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးထားပါတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ခံ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ပြောသည်။

အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများ ပြသသည့် ဇုန်တစ်ဇုန်အပါအဝင် ဇုန်ရှစ်ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မျိုးမှ ၂၅ မျိုး၊ ဒေသပန်းမျိုးစိတ် ၁၅ မျိုးမှ ၂၀မျိုး စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများနှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက်ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းနှင့် အထင်ကရနေရာတို့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

ချမ်းအေးသာစံ(ပြန်/ဆက်)



# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၂

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ



မြစ်ကြီးနား ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုဗဟိုကျောင်း ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရညာဏနှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများလျှောက်ထား၍ အလှူငွေကျပ်သိန်း ၃၀၊ ဆန်အိတ် ၅၀ နှင့် စားဆီ ၅ ပုံးတို့ကိုလှူဒါန်းပြီး မချမ်းဘော့မြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။



ထို့နောက် ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)၌ သီးပင်စားပင်စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ပြန်လည်ရောင်းချပေးနိုင်သည့် အခြေအနေများကို မေးမြန်းဆွေးနွေးကာ မွေးမြူရေးအထောက်အကူပြုဆေးဝါးများနှင့် စွမ်းအားပြည့်ဖြည့်စွက်အစာအိတ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ပူတာအိုဒေသဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ မြို့မိ၊ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပူတာအိုဒေသခံများအနေဖြင့် ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဝမ်းစာဖူလုံအောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘာသာရေးအဖွဲ့ ၁၃ ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘော့မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် DTH စလောင်းအစုံ ၃၀၊ တောင်သူများအတွက် အစေ့ထုတ်ပြောင်းနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များ၊ အိမ်သုံးဆိုလာအစုံ ၅၀၊ နိုင်ငံတော်မှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပူတာအိုမြို့မရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများနှင့်အားကစားအထောက်အကူပြုပစ္စည်းများပေးအပ်ချီးမြှင့်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခါကာဘိုရာဇီရိပ်သာဧည့်ခန်းမဆောင်၌ ပူတာအိုဒေသအတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များမှခေါင်းဆောင်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ (၁၄)ကြိမ်မြောက် ကွန်ပျူတာသိပ္ပံဘွဲ့နှင့်ကွန်ပျူတာနည်းပညာဘွဲ့များအပ်နှင်း

ဘားအံ ဇန်နဝါရီ ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ ယနေ့နံနက် ၉ နာရီတွင် (၁၄)ကြိမ်မြောက် ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့များကို အပ်နှင်းပေးအပ်သည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြောင်းလဲတိုးတက်နေသည့်နည်းပညာရပ်များကို အမြဲမပြတ်လေ့လာဆည်းပူးရင်း ထူးချွန်ထက်မြက်သည့်နိုင်ငံ့သားကောင်း၊ သမီးကောင်းများ၊ IT ပညာရှင်များဖြစ်အောင်၊ နိုင်ငံတော်၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်ပညာရှင်များဖြစ်အောင်၊ ထူးချွန်သည့်ပညာတတ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး ဘွဲ့ယူမောင်မယ်များအတွက် ငွေကျပ် ၄၂၀၀၀၀ ကို ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ပါမောက္ခချုပ်ဒေါက်တာခင်မာလာ ထွန်းအမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်ပုဂ္ဂိုလ်များက ဘွဲ့အပ်နှင်းမည့်စင်မြင့်ထက်တွင်နေရာယူကြပြီး လိုအပ်သည့် ကတိခံဝန်ချက်များရယူကာ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်က ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science (B.C.Sc.) ၁၆ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ Bachelor of Computer Technology (B.C.Tech.) ငါးဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းပေးအပ်ပြီး အဝေးရောက်ဘွဲ့ယူသူ ကွန်ပျူတာသိပ္ပံဘွဲ့ Bachelor of Computer Science(B.C.Sc.)မှလေးဦးတို့အား ဘွဲ့အပ်နှင်းပေးအပ်ကာ ဘွဲ့ရမှတ်ပုံတင်စာအုပ်တွင် ဘွဲ့ရရှိသူစာရင်းကိုအတည်ပြုလက်မှတ်ရေးထိုး၍ ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။



ယနေ့ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အဝေးရောက်ဘွဲ့ယူသူ လေးဦးအပါအဝင် စုစုပေါင်း ၂၅ ဦးအား သက်ဆိုင်ရာဘွဲ့အသီးသီးကိုအပ်နှင်းခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘွဲ့ယူပြီးသူမောင်မယ်များနှင့် ၎င်းတို့၏ မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ ဖွင့်ပွဲအခမ်းအနားပြုလုပ်

လွိုင်ကော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံရှိပြည်နယ်များတွင် သက်ဆိုင်ရာ ပြည်နယ်အလိုက် တိုင်းရင်းသားများ၏ ပြည်နယ်နေ့ အခမ်းအနားများကို သတ်မှတ်ထားရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်သည် ကယားပြည်နယ်၏ (၇၃)နှစ်မြောက်နေ့ဖြစ်သည်။ အဆိုပါ ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။




ရှေးဦးစွာ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ပန်းဖွားအကအဖွဲ့တို့၏ ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကာ ကပြဖျော်ဖြေကြသည့်ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ အခြေခံပညာကျောင်းများမှ ပန်းဖွားအကအဖွဲ့နှင့် ကယားတိုင်းရင်းသားမျိုးနွယ်စု ကိုးမျိုးအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများ၊ ကယားရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်ပြခန်းများအား လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ကယားပြည်နယ်၏ MSME ထွက်ကုန်များဖြစ်သော ကယားဝက်အူချောင်း၊ မက်ခါသီးထောင်း၊ အစေ့ထုတ်ပြောင်းနှင့် ကယားရိုးရာအထည်ရက်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု သရုပ်ပြရှင်းလင်းတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အစားအသောက်၊ အဝတ်အထည်များ၏ ထုပ်ပိုးမှုပုံစံများနှင့် အရည်အသွေး ယခုထက်ပိုမိုကောင်းမွန်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့သည်။

(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာနှင့် MSME ပြခန်း ၁၆ ခန်း၊ ကယားရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်အရောင်းဆိုင်တို့အား ခင်းကျင်းပြသလျက်ရှိပြီး ပွဲတော်ကာလတစ်လျှောက် နေ့စဉ်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်း (မွေတော်)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

မိုင်းပန် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို အဆိုပါကျောင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၏ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့မှ မြန်မာ့ကျောင်းသီချင်းနှင့် အာရှမြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဆရာကြီးဦးအောင်မင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းကွယ်က အမှာစကားပြောကြား၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နေပြည်တော်(ဗဟိုအဆင့်)၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ကာယ/ဉာဏထူးချွန်ဆုရ ကျောင်းသား/ကျောင်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပြီး ပညာရေးစုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီဆောင်ရွက်သော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများမှ အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၏ ပညာရေးစုံညီပွဲတော်အား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၂

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Mann Shwesettaw Pagoda to be held Buddha Pujaniya Festival



MINBU January 12

According to a source close to the pagoda's board of trustees, the Buddha Pujaniya Festival at the Mann Shwesettaw Pagoda will take place from 2 February to 17 April, lasting 75 days.

Around 1,000 lodging huts and 500 food stalls are typically set up annually for the Mann Shwesettaw Pagoda Festival. The festival sees its largest crowds on Saturdays, Sundays, the full moon day of Tabaung, and during the Thingyan Festival. Approximately 800 huts and 400 food stalls will be constructed to accommodate domestic pilgrims this year. Pilgrims will be allowed to stay overnight during the festival.

Additionally, the Shwesettaw Mann Creek Recreation Camp, which includes an elephant museum, will be open alongside the Mann Shwesettaw Pagoda Festival.

**SK**

## Cultivation of sunflower finishes on more than 1,300 acres of croplands in Mingin Township

MINGIN January 12

Statistics of Mingin Township Agriculture Department stated that a total of 1,327 acres of sunflower has been planted as cold season crops in Mingin Township of Sagaing Region.

Local farmers started cultivation of sunflower on 1,327 acres of land in October this year, against the target of 16,335 acres of sunflower in 2024-2025 cold season.

Daw Hayman Kyaw Kyaw, Head of Mingin Township Agriculture Department said: "Local authorities earmarked cultivation of more than 10,000 acres of sunflower in Mingin Township this cold season but farmers have so far planted more than 1,000 acres of crops against the target cultivation. They are trying hard to meet the target cultivation with the aim of reducing import of cooking oil abroad. So, they are striving to expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. Farmers prefer to grow sunflower in winter."

Mingin Township Department of Agriculture conducts training courses for local farmers and agricultural staff to enhance their capacity so as to grow sunflower.

This year, officials of the Township Department arrange to provide quality strains of crops and urea fertilizers at fair prices to local farmers.

**SMK**

## More than 20,000 acres of summer paddy to be planted in Kanbalu Township



KANBALU January 12

A total of 20,884 acres of summer paddy will be planted in Kanbalu Township of Sagaing Region this winter, according to the Kanbalu Township Agriculture Department.

In 2024-2025 summer, farmers will grow 20,884 acres of summer paddy in Kanbalu Township from February to April 2025.

U Myo Zaw, Head of Kanbalu Township Agriculture Department commented: "Local authorities earmarked 20,844 acres of summer paddy in coming summer. Our department will help local farmers with agricultural techniques, prevention of pests, minimizing loss and waste of crops and keeping harvested paddy under shelter in time."

This year, the relevant Agriculture Department will conduct distribution of quality strains of crops for boosting per-acre yield of crops, and supply of agricultural inputs to local farmers.

Farmers need to comply with preventive measures against pests at the crops plantations and store quality strains of crops in advance.

**SK**

## More than 500 acres of vegetables planted in Kyunhla Township

KYUNHLA January 12

Local farmers have planted 561 acres of vegetables as cold season crops in Kyunhla Township of Sagaing Region this year, according to the statistics of Kyunhla Township Agriculture Department.

In 2024-2025 cold season, local authorities set a plan to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of vegetables against the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, disclosed: "This year, we earmarked to grow 577 acres of vegetables in Kyunhla Township but farmers have so far planted 561 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, ladyfinger, cauliflowers and Chinese cabbage as well as cannabis. We share agricultural techniques with local farmers to grow crops in GAP system. Only when they grow crops in GAPs will vegetables be healthy for public consumption with least chemical residue."

Township Agriculture Department conduct training courses for local farmers and staff from the department to enhance their capacity for growing vegetable crops to be able to produce healthy crops for public consumption and expand sown acreage of crops.

Local farmers earn increased incomes from their vegetable plantations which are thriving in the township. Officials of the Township Agriculture Department disseminate techniques about making natural fertilizers and pesticides as well as ways of preventing pests.

**SMK**

# State Administration Council

# Press Release

# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

## Nattalin Township completes cultivation of 7,532 acres of oilseed crops

NATTALIN January 12

Local farmers in Nattalin Township have successfully completed the cultivation of 7,532 acres of oilseed crops during the winter growing season, according to the Township Department of Agriculture.

Originally, 6,347 acres were designated for oilseed cultivation in Nattalin Township. However, local farmers exceeded this target, cultivating 7,532 acres of oilseeds.

Officials from the Township Agriculture Department have been visiting farms, offering essential support, including agricultural techniques, high-quality seeds, planting methods, and pest control strategies.

The 7,532 acres of oilseed crops planted in the 2024-2025 fiscal year consist of 2,730 acres of groundnuts, 1,988 acres of sesame, and 2,814 acres of sunflowers.

**SMK**

## Taze Township finishes cultivation of more than 1,000 acres of vegetables this cold season

TAZE January 12

A total of 1,150 acres of vegetables has been planted in Taze Township of Sagaing Region this cold season, according to the YeU District Agriculture Department.

In 2024-2025 cold season, local authorities earmarked cultivation of 1,725 acres of vegetables but local farmers planted 1,150 acres of crops.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Farmers have so far planted over 1,100 acres of vegatables against the target of more than 1,700 acres in Taze Township this cold season. They emphasize cultivation of mustard, chilli, spicy, cabbage, potato, cucumber, eggplant, cauliflowers, pulses and beans, Chinese cabbages. We urged local farmers to follow GAP system in growing crops so as to produce healthy crops with least chemical residues and increase per-acre yield."

The Township Agriculture Department conducted the training courses for local farmers and agricultural staff so as to improve their capacity in growing vegetables. Officials of the township department disseminate agricultural techniques to local farmers and urge them to expand sown acreage of crops.

Farmers earn incomes from vegetable crops. Officials of the Township Agriculture Department share techniques of agriculture, prevention of pests and and making process of natural fertilizers and pests with local farmers.

**SK**

## Farmers decide to grow more than 4,000 acres of chilli in Myaungmya Township

MYAUNGMYA January 12

"A plan is underway to place 4,791 acres of croplands under chilli as cold season crops in Myaungmya Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Department of Agriculture.

Local farmers grow chilli in the township in the third week of November this year. Officials of the Township Agriculture Department provide necessary assistance for local farmers to operate cultivation of chilli without any difficulties.

Daw Khin Htay Myint commented: "Efforts are being made to the meet the target cultivation of chilli in the township this year. We have urged local farmers to use marketable and high yield strains of chilli this year. So, farmers choose high quality strains of crops. We help local farmers prevent pests and use agricultural techniques for boosting per-acre yield of crop before growing the crops."

Officials from District and Township Agriculture Departments make field trips to the areas of chilli growers to inspect thriving of crops in order to prevent pests and raise per-acre yield of crops.

**SMK**

# S. Korea's nuclear agency launches investigation into abnormal discharge of radioactive waste

SEOUL January 12

South Korea's nuclear safety agency has launched an investigation into the abnormal discharge of liquid radioactive waste from a nuclear reactor to the southeast of the country, Yonhap news agency said Sunday.

The Nuclear Safety and Security Commission (NSSC) received a report from Korea Hydro & Nuclear Power (KHNP), the operator of nuclear power plants, at about 10:23 a.m. local time (0123 GMT) Sunday that the liquid waste of a radioactive storage tank in the Wolseong No. 2 nuclear power plant in Gyeongju, North Gyeongsang province was discharged into the ocean without going through a sample analysis.

The KHNP took measures to block leakage immediately after finding the tank outlet valve was open while preparing to release the liquid waste into the ocean, the NSSC said in a bulletin posted on its official website.

According to the KHNP's analysis of samples left in the tank, the concentration of the leaked liquid waste, estimated at about 29 tons, stood at normal levels.

The NSSC said it had dispatched experts to the power plant in a bid to investigate the exact amount and the cause of the leakage, planning to check any environmental impact by collecting seawater near the power plant.

The agency promised to announce the results of the investigation once available.

**Xinhua**

# Snowstorm leaves 32,000 households without power in Poland

WARSAW January 12

About 32,000 households across Poland, mainly in the northern provinces, have been left without electricity due to snowstorm, the Polish Radio reported on Sunday.

Nationwide, firefighters have responded to nearly 1,000 weather-related incidents since Thursday, including broken branches, fallen trees, and downed power lines. According to an official from the Government Security Center, emergency crews are actively working to restore power.

Heavy snowfall is forecast to continue in eastern, southern, and central regions of the country, with mountainous areas expected to see the most accumulation.

The Tatra Mountains remain under a level-two avalanche warning until 8 p.m. local time. The Tatra National Park has urged tourists to exercise caution, warning of dangerous conditions at higher elevations, including deep snowdrifts and snow cornices exacerbated by strong winds.



Snowstorm leaves 32,000 households without power in Poland.

Despite the challenges, Poland's General Directorate for National Roads and Motorways has assured that all national roads remain passable. More than 2,300 snowplows and maintenance vehicles have been deployed overnight to ensure safe passage.

**Xinhua**

# Israeli Air Force attacks Hezbollah group in southern Lebanon

MOSCOW January 12

The Israeli Air Force (IAF) has targeted a group of Hezbollah fighters in southern Lebanon after the detection of activities violating the ceasefire, the Israel Defense Forces (IDF) said on Saturday.

"Earlier today (Saturday), several terrorists were identified leaving a military compound used by the Hezbollah terrorist organization in southern Lebanon. An IAF aircraft struck the terrorists in order to eliminate the threat," the IDF said on Telegram.


The IDF added that it continues to follow ceasefire agreements between Israel and Lebanon.

"The IDF remains deployed in southern Lebanon and will operate against any threat to the State of Israel and its citizens," it said.

A US-brokered ceasefire between Israel and Lebanon's Hezbollah came into effect on November 27, after months of fighting. Despite the truce, the Israeli armed forces continued to intrude into Lebanese airspace, striking selected targets in the south, conducting aerial reconnaissance over Beirut and major cities, and raiding border villages.

**Sputnik**

# Death toll rises to 16 as firefighters continue to battle spreading wildfires in Los Angeles



Firefighting helicopter is seen above the hills of Mandeville Canyon in Los Angeles, California, the United States, on January 11, 2025.

LOS ANGELES January 12

At least 16 people have been killed by blazes as thousands of firefighters race to battle spreading wildfires across Los Angeles County, the most populous U.S. county, local authorities said Saturday.

According to a list of fatalities published by the County of Los Angeles Medical Examiner, death toll from wildfires rose to 16 as of Saturday evening.

Eleven of the dead were related to the Eaton Fire and five were found in the Palisades Fire zone.

The deadly Eaton Fire, which broke out Tuesday evening, has scorched 14,117 acres (57.1 square km) near Altadena and Pasadena and was 15 percent contained as of Saturday afternoon.

The fire remained active overnight and is burning in an area with steep inaccessible terrain and critically dry vegetation, said the California Department of Forestry and Fire Protection (CAL FIRE) in a situation summary update. Aerial imagery overlays show approximately 7,081 structures may have been damaged or destroyed by the fire.

Firefighters battling the fire earlier this week encountered swaths of fire hydrants with no water, prompting a swirl of criticism.

**Xinhua**

# Tropical Cyclone Dikeledi kills 3 in Madagascar

ANTANANARIVO January 12

Three people have died and nearly 1,000 have been affected by severe weather in Madagascar's Sava region following Tropical Cyclone Dikeledi, according to the latest report from the National Office for Risk and Disaster Management released Sunday.

Cyclone Dikeledi made landfall in Vohemar district, northern Madagascar, around 7:30 p.m. local time on Saturday, bringing winds of 130 km/h and gusts of up to 180 km/h. The cyclone exited the island's northern coast by 11:00 p.m. local time Saturday, continuing its westward path.

The disaster left 308 people displaced and 179 homes flooded. Additionally, 38 houses sustained partial damage and a section of National Road No. 6 was cut off, further complicating access to the affected areas.

Meteorological authorities have warned of heavy rainfall in the coming hours, with forecasts predicting over 120 millimeters of rain, particularly in the island's northern region.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 20 I'm going to (do)

**C** You can also say that 'something **is going to happen'** in the future. For example:



The man isn't looking where he is going.

He **is going to walk** into the wall.

When we say that 'something **is going to happen',** the situation now makes this clear. The man is walking towards the wall now, so we can see that he **is going to walk** into it.




now



future

Some more examples:

- Look at those black clouds! It**'s going to rain.** (we can see the clouds now)
- I feel terrible. I think **I'm going to be** sick. (I feel terrible now)
- The economic situation is bad now and things **are going to get** worse.

**D** I **was going to** do something = I intended to do it, but didn't do it:

- We **were going to travel** by train, but then we decided to drive instead.
- I **was** just **going to cross** the road when somebody shouted 'Stop!'

You can say that 'something **was going to happen'** (but didn't happen):

- I thought it **was going to rain**, but it didn't.

## Exercises

**20.1** **Write questions with** going to.

1 Your friend has won some money. You ask:
(what / do?) What are you going to do with it? ..................................................

2 Your friend is going to a wedding next week. You ask:
(what / wear?) ..................................................

3 Your friend has just bought a new table. You ask:
(where / put?) ..................................................

4 Your friend has decided to have a party. You ask:
(who / invite?) ..................................................

5 Your friend has bought some fish for dinner. You ask:
(how / cook?) ..................................................

**Raymond Murphy**

# ၂၀၂၅ ခုနှစ်အတွင်း စောင့်ကြည့်ရမည့် ဒေါ်နယ်ထရမ့်အစိုးရ၏ ဆောင်ရွက်မှုများ

အမေရိကန်ပြည်ထောင်စု၌ ၂၀၂၅ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် ဒေါ်နယ်ထရမ့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်နှင့် တစ်ပြိုင်နက် ၎င်းဦးဆောင်သည့် အစိုးရ အနေဖြင့် ကမ္ဘာ့ရေးရာများအနက် အချို့ကိစ္စရပ်များကို ဦးစားပေးအဖြစ် အဓိက ထားကိုင်တွယ်ရန် စီစဉ်ထားသည်။ ထရမ့်အတွက် အဓိကဦးစားပေးကိုင်တွယ်ဖြေရှင်းရမည့်အရေးကိစ္စများတွင် နေတိုးအဖွဲ့ဝင်နိုင်ငံများအား ကာကွယ်ရေးအသုံးစရိတ် အနည်းဆုံးသတ်မှတ်ထားသည့် ပမာဏကို ထည့်ဝင်ကြရန် ထပ်မံတိုက်တွန်းခြင်း၊ တရုတ်နှင့် အဆုံးမသတ်နိုင်သေးသည့် ကုန်သွယ်ရေးသဘောတူညီမှု ကွဲလွဲမှု သို့မဟုတ် ကုန်သွယ်ရေးစစ်ပွဲနှင့် ရုရှားနှင့်နျူကလီးယားထိန်းချုပ်ရေး သဘောတူညီချက်သစ်တစ်ရပ်ချမှတ်ရေး တို့ပင်ဖြစ်သည်။



ထို့ပြင် America First မူဝါဒကို ဖော်ဆောင်၍ အမေရိကန်၏အကျိုးစီးပွား ကို အဓိကထားသူလည်းဖြစ်၊ စီးပွားရေး သမားတစ်ဦးလည်းဖြစ်သည့် ထရမ့်အနေဖြင့် တရုတ်နှင့်ကုန်သွယ်မှုဆက်ဆံရေးတွင် တင်းမာသည့်သဘောထားများ ဆက်လက် ပြသမည်ဟုတ်၊ မဟုတ်ကိုလည်း ကမ္ဘာ့နိုင်ငံအများအပြားက စောင့်ကြည့်လျက် ရှိသည်။

အမေရိကန်အနေဖြင့် အခြားနိုင်ငံများမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းနှင့် တရုတ်ကုန်ပစ္စည်းများအပေါ် အခွန် ၆၀ ရာခိုင်နှုန်းကောက်ခံမည်ဆိုပါက ယင်း လုပ်ဆောင်ချက်သည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအပေါ် များစွာသက်ရောက် စေမည်ဖြစ်သည်။ ထရမ့်အစိုးရက ထိုသို့ လုပ်ဆောင်ခဲ့ပါက ကမ္ဘာ့နိုင်ငံများအနေဖြင့် အမေရိကန်၏ လုပ်ဆောင်ချက်ကို တုံ့ပြန်မည် သို့မဟုတ် ထရမ့်အစိုးရနှင့် စေ့စပ်ဆွေးနွေးမည် သို့မဟုတ် နည်းလမ်းနှစ်မျိုးစလုံးကို ပေါင်းစပ်အသုံးပြုမည်စသည့် ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်ချမှတ် ရတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံကမူ အမေရိကန်၏အဆိုပါ အခွန်တိုးမြှင့်ကောက်ခံမှုကို ခေါင်းငုံ့မခံကြောင်းကို ယခင်ကတည်းက လက်တုံ့ပြန်၍ သက်သေပြသခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် ထရမ့်၏ကြိုးပမ်းချက်ကို ရီပတ်ဘလစ်ကန် အမတ်များထိန်းချုပ်ထားသည့် ကွန်ဂရက် နှင့် တရုတ်အပေါ်သဘောထားတင်းမာ သည့် အမေရိကန်အဖွဲ့အစည်းများက ထောက်ခံနိုင်ဖွယ်ရှိသော်လည်း အမေရိကန် နှင့်တရုတ်တို့ကြား ကုန်သွယ်ရေးဆက်ဆံမှု ကို ပိုမိုဆိုးရွားလာစေနိုင်သည်။

ထို့ပြင်အခြားနိုင်ငံများအပေါ်သို့ပါ အခွန် ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်း တိုးမြှင့်မည့်အစီအစဉ်သည် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေသည့် အမေရိကန်ကုမ္ပဏီ ၆၀၀၀ နီးပါးအပေါ် သို့လည်း သက်ရောက်မှုအနည်းနှင့်အများ ရှိလာစေနိုင်သည်။ ထို့ကြောင့် ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ် သည် ကမ္ဘာ့နိုင်ငံများအတွက် သတိထား စောင့်ကြည့်စရာဖြစ်လာခဲ့သည်။

ထရမ့်၏အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်သည် ကမ္ဘာ့ခေါင်းဆောင်များ၏ တုံ့ပြန်မှုအပေါ်မူတည်၍ ကောင်းခြင်းနှင့် ဆိုးခြင်းတို့ကို ဖြစ်ပေါ်လာစေနိုင်သည်။ ကမ္ဘာ့ခေါင်းဆောင်များ၏ စုပေါင်းတုံ့ပြန်မှု သည် ၂၀၂၅ ခုနှစ်၏ အလားအလာကို ပုံဖော်ပေးနိုင်ဖွယ်ရှိသည်။

ထို့ပြင် မကြာမီ ရာထူးမှထွက်ခွာတော့ မည့် ဂျိုးဘိုင်ဒင်အစိုးရလက်ထက်တွင် ရုရှားနှင့် တရုတ်နိုင်ငံကြား ဆက်ဆံရေး သည် ယခင်ကထက် ပိုမိုကောင်းမွန် တိုးတက်လာခဲ့သည်။ ထရမ့်အနေဖြင့် ရုရှားနှင့်ဆက်ဆံရေးကောင်းမွန်နေသည့် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုကို အသုံးချခြင်း အားဖြင့် ယူကရိန်းပဋိပက္ခအားအဆုံးသတ် နိုင်စေရေးအတွက် တရုတ်အစိုးရအား ဖျောင်းဖျနိုင်ခြင်းရှိမရှိကိုလည်း ကမ္ဘာ့နိုင်ငံများက စောင့်ကြည့်လျက်ရှိသည်။ သေချာသည့်အချက်မှာ ထရမ့်အနေဖြင့် သမ္မတ ရာထူးလက်ခံရယူပြီးနောက် ရုရှားနှင့် တရုတ် ကဲ့သို့သော နိုင်ငံကြီးများမှ ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ လုပ်ဆောင်လာနိုင်သည်။

ထရမ့်အနေဖြင့် ရုရှားနိုင်ငံနှင့် ဆွေးနွေးမှုများ အနေးနှင့်အမြန်လုပ်ဆောင်ရမည့် အခြေအနေတွင်ရှိနေသည်။ ယင်းအခြေအနေမှာအခြားမဟုတ်၊ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည့် START သဘောတူညီချက်သစ်တစ်ရပ်ချမှတ်ရန် လိုအပ်နေသောကြောင့်ပင်ဖြစ်သည်။ အမေရိကန် အနေဖြင့် နျူကလီးယားဖျက်သိမ်းရေး သဘောတူညီချက်တစ်ရပ်ကို ရုရှား နှင့်ချမှတ်ရန် နီးစပ်နေပြီဖြစ်သည်ဟု ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း၌ ထရမ့်ကပြောထားသည်။

ရုရှားနှင့် အမေရိကန်တို့ကြားရှိ START သဘောတူညီချက်သည် မဟာဗျူဟာ မြောက်နျူကလီးယားထိပ်ဖူးများ တပ်ဆင်ထားသည့် ဒုံးကျည်များဖြန့်ကြက်ခြင်းကို ကန့်သတ်ထားပြီး ယင်းသဘောတူညီ ချက်သည် လာမည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ လက်ရှိသဘောတူညီချက်ကို ရုရှားနှင့် အမေရိကန်တို့က ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုး၍ သက်တမ်းတိုးထား ခြင်းဖြစ်သည်။

ထို့ပြင် ဘိုင်ဒင်အစိုးရသည် နိုင်ငံ၏ နျူကလီးယားလက်နက်များ အဆင့်မြှင့်တင်ရေးဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သောကြောင့် မကြာမီ တက်ရောက်လာမည့် ထရမ့်အစိုးရအနေဖြင့် ရုရှားနှင့်လုပ်ဆောင်မည့် လက်နက် ထိန်းချုပ်ရေးဆွေးနွေးပွဲများ၌ အရှိန်အဝါ ကို အသုံးချနိုင်ဖွယ်ရှိကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးလက်ထောက်အကြံပေး ဂျွန်ဖိုင်းနားက ပြီးခဲ့သည့်ရက်သတ္တပတ် အတွင်း၌ ပြောကြားထားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် စပ်လျဉ်း၍လည်း ထရမ့်က တင်းမာသည့်သဘောထား ကို ဆက်လက်ပြသနေဆဲဖြစ်သည်။ နေတိုးအဖွဲ့ဝင်များအနေဖြင့် ကာကွယ်ရေး အတွက် သက်ဆိုင်ရာနိုင်ငံများ၏ ဂျီဒီပီ အနက်မှ ၅ ရာခိုင်နှုန်းအသုံးပြုသင့်ကြောင်း ထရမ့်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း က တိုက်တွန်းခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများအတွက် လက်ရှိသတ်မှတ်ထားသည့် ကာကွယ်ရေးအသုံးစရိတ်မှာ ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းဖြစ်သည်။ အဆိုပါပမာဏသည် နေတိုးအဖွဲ့ဝင်နိုင်ငံ အားလုံးက တတ်နိုင်သည့်ငွေကြေးပမာဏ ဖြစ်သည်ဟု ထရမ့်ကယူဆလျက်ရှိသည်။ သို့သော် အဆိုပါ အသုံးစရိတ်တိုးမြှင့်ရေး တောင်းဆိုချက်ကို ဂျာမနီဝန်ကြီးချုပ် အိုလက်ရှို့က ပယ်ချထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စုတွင် ထရမ့် တက်ရောက်လာသည်နှင့် တစ်ပြိုင်နက် ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရ သစ်၏ ဆောင်ရွက်ချက်များကို အင်အား ကြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများ အပြားက စောင့်ကြည့်နေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: CH, Sputnik

နိုင်အောင်

## ကမ္ဘာ့ပထမဆုံးသော ကာဗွန်ဖိုင်ဘာမီးရထားကို တရုတ်စတင်အသုံးပြု



**မော်စကို၊ နည်းပညာ**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်းပြည်နယ်တွင် ကမ္ဘာ့ပထမဆုံးသော ကာဗွန်ဖိုင်ဘာ မီးရထားကို ချင်းတောင် Metro က စတင် အသုံးပြုလိုက်ပြီဖြစ်ကြောင်း CCTV ရုပ်သံ က ထုတ်ပြန်သည်။

အဆိုပါမီးရထားသည် သမားရိုးကျ မီးရထားများနှင့် နှိုင်းယှဉ်ပါက အလေးချိန် အားဖြင့် ၁၁ ရာခိုင်နှုန်းပေါ့ပါးကြောင်းသိရ သည်။ မြေအောက်မီးရထားများကို သာမန် အားဖြင့် အလူမီနီယံ၊ သံမဏိတို့ဖြင့် တည် ဆောက်လေ့ရှိသော်လည်း ကာဗွန်ဖိုင်ဘာ သည် သံမဏိထက် ၅ဆ ပိုမိုကြံ့ခိုင်ပြီး ၄ ဆ ပိုမိုပေါ့ပါးမှုရှိကြောင်း ရုပ်သံက ဆက်လက် ဖော်ပြသည်။ အဆိုပါ မီးရထားအား ချင်းတောင် Metro က ဇန်နဝါရီလ ၁၀ရက်တွင် စတင်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကာဗွန်ဖိုင်ဘာမီးရထားကိုအသုံးပြုခြင်း အားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လုပ်မှုကို နှစ်စဉ် ၁၃၀ တန်ခန့်အထိ လျှော့ချနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုကို သိသိသာသာလျှော့ချရန် ဆုံးဖြတ်ထားကြောင်း သမ္မတရှီကျင့်ဖျင် က ၂၀၂၁ ခုနှစ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

Ref:Sputnik

## ပင်လယ်နီအတွင်းရှိ အမေရိကန်၏ လေယာဉ်တင်သင်္ဘောတစ်စင်းအား တိုက်ခိုက်ခဲ့ဟု ဟူသီအဖွဲ့ပြော

**ဆာနား၊ စစ်ရေး**

ပင်လယ်နီမြောက်ပိုင်းရှိ အမေရိကန်၏ လေယာဉ်တင်သင်္ဘောတစ်စင်းအား ဒုံးကျည်များ၊ ဒရုန်းများနှင့် တိုက်ခိုက်ခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့က ထုတ်ပြန်သည်။

ပင်လယ်နီမြောက်ပိုင်းရှိ အမေရိကန်တို့၏ USS Harry S. Truman လေယာဉ်တင်သင်္ဘောအား ပြီးခဲ့သည့် ၂၄ နာရီအတွင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဟူသီသူပုန်အဖွဲ့က ဇန်နဝါရီလ ၁၁ ရက် ညပိုင်းက ထုတ်ပြန်သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း သူပုန်အဖွဲ့သည် ပစ်မှတ်များကို ထိမှန်အောင်တိုက်ခိုက်နိုင်ခဲ့ပြီး တိုက်ခိုက်ပြီးနောက်ပိုင်းတွင် အမေရိကန်လေယာဉ်တင်သင်္ဘောသည် အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာသွားခဲ့ကြောင်း ဟူသီသူပုန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ယာယာဆာရီယာက ထုတ်ပြန်ချက်တစ်စောင်တွင်ပြောသည်။

ယခုလုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုသည် ပါလက်စတိုင်းပြည်သူများကို ထောက်ခံသည့် အနေဖြင့် သော်လည်းကောင်း၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က ဟူသီသူပုန်အဖွဲ့၏ ပစ်မှတ်များအပေါ် အစောပိုင်းတိုက်ခိုက်မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့်သော်လည်းကောင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၁၀ ရက်က ဆာနားမြို့ရှိ ဓာတ်အားပေးစက်ရုံတစ်ရုံနှင့် ဆိပ်ကမ်းနှစ်ခုအပါအဝင် ဟူသီသူပုန်အဖွဲ့၏ ပစ်မှတ်များအပေါ် လေကြောင်းမှတိုက်ခိုက်ခဲ့ရာ လူတစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိသွားကြောင်းသိရသည်။

Ref: XH

# လော့အိန်ဂျလိတွင် ဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် အနည်းဆုံး လူ ၁၆ ဦးသေဆုံး




**လော့အိန်ဂျလိ၊ သဘာဝဘေး**

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိခရိုင်တွင်ဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် အနည်းဆုံး လူ ၁၆ ဦးသေဆုံးသွားကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရသိရသည်။

သေဆုံးသူများအနက် ၁၁ ဦးမှာ အီတုန်ဒေသတွင်ဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှုတွင် သေဆုံးခြင်းဖြစ်ပြီး ကျန်ငါးဦးမှာ ပါလစ်ဆာဒက်ဒေသ တောမီးလောင်ကျွမ်းမှုအတွင်း သေဆုံးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သေဆုံးသူအရေအတွက်မှာ ဇန်နဝါရီလ ၁၁ ရက် ညနေပိုင်းအထိ ၁၆ ဦးအထိမြင့်တက်လာကြောင်း ခရိုင်ဆေးကုသရေးအဖွဲ့မှ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အီတုန်ဒေသတွင်ဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၁၄၁၁၇ ဧက ပျက်စီးသွားကြောင်း၊ အဆိုပါမီးကို မီးသတ်သမားများက ဆက်လက်ငြိမ်းသတ်လျက်ရှိရာ ဇန်နဝါရီလ ၁၁ ရက် မွန်းလွဲပိုင်းအချိန်အထိ မီးလောင်ကျွမ်းမှု၏ ၁၅ ရာခိုင်နှုန်းကိုသာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပါလစ်ဆာဒက်ဒေသတွင်ဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုမှာ လော့အိန်ဂျလိ ဒေသတွင်းဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှု ငါးခုအနက် အဆိုးရွားဆုံးဖြစ်ပြီး လက်ရှိအချိန်အထိ သစ်တောဧရိယာ ဧက ၂၂၆၆၀ ပျက်စီးသွားပြီး လူနေအဆောက်အအုံ ၅၃၀၀ ကျော် မီးလောင်ကျွမ်းခဲ့ဖွယ်ရှိကြောင်း၊ လက်ရှိအချိန်အထိ မီးလောင်ကျွမ်းမှု၏ ၁၁ ရာခိုင်နှုန်းကိုသာ ငြိမ်းသတ်နိုင်သေးကြောင်း သိရသည်။

ဆက်လက်လောင်ကျွမ်းနေသည့် တောမီးကိုငြိမ်းသတ်နိုင်ရေးအတွက် ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးက ပြည်နယ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၆၀၀ ကျော်ကို ဖြန့်ကြက်ထားသည်။

Ref: XH

# ပြင်သစ်နိုင်ငံအရှေ့ပိုင်းတွင် ဓာတ်ရထားနှစ်စင်းတိုက်မိ အများအပြား ဒဏ်ရာရရှိ




**စထရာဘော့ဂ်၊ မတော်တဆမှု**

ပြင်သစ်နိုင်ငံအရှေ့ပိုင်းရှိ စထရာဘော့ဂ်မြို့၌ ဖြစ်ခေါ်ဖြစ်ခဲ ဓာတ်ရထားနှစ်စင်းတိုက်မိခဲ့ရာ အများအပြားဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့ကထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် မြို့အတွင်းရှိ ပင်မဘူတာရုံ၌ ဇန်နဝါရီလ ၁၁ ရက်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါဘူတာရုံသည် ပဲရစ်မြို့ပြင်ပရှိ ယာဉ်နှင့်ဓာတ်ရထားအသွားအလာအများဆုံး ဒေသတစ်ခုဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ဖိလစ်တာဘာရော့ကပြောသည်။ အဆိုပါမတော်တဆမှုအတွင်း လူပေါင်း ၃၆ ဦးခန့် ဒဏ်ရာရရှိကြောင်း ၎င်းကဆက်လက်ပြောကြားထားသော်လည်း မီးသတ်တပ်ဖွဲ့က လူ ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဓာတ်ရထားနှစ်စင်းဝင်တိုက်မိပြီးနောက် တစ်စင်းမှာ လမ်းချော်သွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်အဖွဲ့ဝင်များက ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

စထရာဘော့ဂ်မြို့သည် ၁၉၉၄ ခုနှစ်တွင် ဓာတ်ရထားပြေးဆွဲခြင်းကို ပြန်လည်အသုံးပြုသည့် ပြင်သစ်နိုင်ငံအတွင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။

Ref: YH,ST

## သတင်းတိုကဏ္ဍ

### အန်ဂိုလာတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၅၀ ဦးခန့်ရှိပြီး ၁၅ ဦးသေဆုံး

အန်ဂိုလာနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၅၀ ဦးခန့်ရှိပြီး ၎င်းတို့အနက် ၁၅ ဦးသေဆုံးသွားကြောင်း ယင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ရောဂါဖြစ်ပွားသူအရေအတွက်သည် ဇန်နဝါရီလ ၁၁ ရက် ညနေပိုင်းတွင် ၅၁ ဦး ပိုမိုမြင့်တက်လာပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူသုံးဦးထပ်မံသေဆုံးသွားကြောင်း ဝန်ကြီးဌာနက ဇန်နဝါရီလ ၁၁ ရက်တွင်ထုတ်ပြန်သည်။ ယခုအခါ ရောဂါဖြစ်ပွားမှုသည် လူအန်ဒါပြည်နယ် မြို့တော်သို့ပါ ပျံ့နှံ့သွားပြီဖြစ်ကြောင်းသိရသည်။

အန်ဂိုလာနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းမှစတင်ခဲ့ပြီး လက်ရှိတွင် အစိုးရက ရောဂါကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို စတင်၍တုံ့ပြန်လျက်ရှိကြောင်း သိရသည်။

Ref: XH

### ပိုလန်မြောက်ပိုင်းတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိသားစု ၃၂၀၀၀ ခန့် မုန်တိုင်းဒဏ်သင့်

ပိုလန်နိုင်ငံမြောက်ပိုင်းရှိပြည်နယ်များတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိသားစု ၃၂၀၀၀ ခန့်မှာ မုန်တိုင်းဒဏ်သင့်ခဲ့ရကြောင်း ပိုလန်ရေဒီယိုသတင်းက ဇန်နဝါရီလ ၁၂ ရက်တွင် ထုတ်ပြန်သည်။

နိုင်ငံအတွင်း၌ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းမှစ၍ ရာသီဥတုနှင့်ဆက်နွှယ်သည့် ဖြစ်ရပ်ပေါင်း ၁၀၀၀ ခန့်နှင့်ကြုံတွေ့ခဲ့ရပြီး နေရာအနှံ့အပြား၌ သစ်ပင်များပြိုလဲခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများလဲကျခြင်းတို့ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် တက်တရာတောင်တန်းဒေသတွင် မြေပြိုမှုများဖြစ်ပွားလာနိုင်ခြင်းကြောင့် အာဏာပိုင်အဖွဲ့က အဆင့် ၂ ရှိ သတိပေးချက်များထုတ်ပြန်ထားသည်။

ထို့ပြင် နိုင်ငံအရှေ့ပိုင်း၊ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် လာမည့်ရက်ပိုင်းအတွင်း နှင်းများထူထပ်စွာ ဆက်လက်ကျဆင်းနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref: XH

### ၂၀၂၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသားများက ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံအား နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေး

အခြားနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် သီရိလင်္ကာနိုင်ငံသားများ၏ နိုင်ငံအတွင်းသို့ ပြန်လည်လွှဲပြောင်းပေးငွေကြေးသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၆ ဒသမ ၅၇ ဘီလီယံရှိကြောင်း သီရိလင်္ကာဗဟိုဘဏ်က နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။

ပြည်ပရှိ သီရိလင်္ကာနိုင်ငံသားများ၏ နိုင်ငံအတွင်းသို့ ပြန်လွှဲပေးသည့် ငွေကြေးသည် နိုင်ငံအတွက် အရေးပါသည့် နိုင်ငံခြားဝင်ငွေဖြစ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတစ်လတည်းမှာပင် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် သီရိလင်္ကာနိုင်ငံသားများက နိုင်ငံအတွင်းသို့ ဒေါ်လာ ၆၁၃ ဒသမ ၈ သန်းပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ ယင်းပမာဏသည် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် သီရိလင်္ကာနိုင်ငံသားများသည် ၂၀၂၃ ခုနှစ်တွင် ၎င်းတို့နိုင်ငံသို့ ဒေါ်လာ ၅ ဒသမ ၉၇ ဘီလီယံပြန်လည်လွှဲပေးခဲ့ကြောင်း သိရသည်။

Ref: XH

# နျူကလီးယားစက်ရုံများကာကွယ်နိုင်ရေးအတွက် စစ်ရေးလေ့ကျင့်မှုများကို အီရန်စတင်

**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားစက်ရုံများအား ကာကွယ်နိုင်ရေးအတွက် စစ်ရေးလေ့ကျင့်မှုများကို နိုင်ငံအနောက်ပိုင်းနှင့် မြောက်ပိုင်းရှိ လေကြောင်းကာကွယ်ရေးဇုန်များတွင် ဇန်နဝါရီလ ၁၂ ရက်က စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုများကို might ဟုအမည်ပေးထားပြီး ဖော်ဒိုးယူရေနီယံသန့်စင်ရေးစက်ရုံနှင့် ခွန်ဒက်ရေလေးနျူကလီးယားစက်ရုံများ ပါဝင်သည့် လေကြောင်းကာကွယ်ရေးဇုန်များတွင် စစ်မြေပြင်အခြေအနေများအတိုင်းဖန်တီး၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း အီရန်တပ်မတော်က ၎င်းတို့၏ ဒုံးကျည်များ၊ ရေဒါစနစ်များ၊ အီလက်ထရွန်နစ်စစ်ပွဲသုံးနည်းလမ်းများ၊ အီလက်ထရွန်နစ်စနစ်သုံး ထောက်လှမ်းရေးနှင့် ကင်းထောက်ရေးတပ်ဖွဲ့များကိုအသုံးပြု၍ ထိုးစစ်ဆင်ခြင်းနှင့်ခံစစ်ဆင်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

လေ့ကျင့်မှုအတွင်း၌ အီရန်လေကြောင်းကာကွယ်ရေးတပ်ဖွဲ့က နိုင်ငံအတွင်းရှိ အရေးပါသည့်စက်ရုံများနှင့် အဆောက်အအုံများကိုကာကွယ်ရန်အတွက် သရုပ်သကန်အမှန်ဖန်တီး၍ လေကြောင်းနှင့် ဒုံးကျည်ဖြင့်တိုက်ခိုက်မှုများကိုပါ လုပ်ဆောင်ခဲ့ကြောင်း IRIB သတင်းဌာနက ထုတ်ပြန်ထားသည်။

အီရန်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအသစ်များကို တုံ့ပြန်နိုင်ရေး



အတွက် ယခုစတင်သည့် စစ်ရေးလေ့ကျင့်မှုများကို ၂၀၂၅ ခုနှစ် မတ်လလယ်ခန့်အထိ လုပ်ဆောင်မည်ဖြစ်ကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အလီမိုဟာမက်နာအီနီက ပြောကြားသည်။

Ref: Ifp

# ပုဂံယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားပွဲတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၁၂**

ပုဂံယဉ်ကျေးမှုဒေသတွင် နှစ်စဉ်ပြာသိုလပြည့်နေ့၌ကျင်းပသည့် အာနန္ဒာဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် ပြည်ပခရီးသွားများ အများအပြားဝင်ရောက်လျက်ရှိကြောင်းသိရသည်။

အာနန္ဒာဘုရားပွဲတော်၏ ၉၃၄ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အဖိတ်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်တို့တွင် ကျင်းပလေ့ရှိပြီး လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းဆိုင်များ၊ ပုဂံဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းဆိုင်နှင့်အဝတ်အထည်ဆိုင်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၁၂၀ ပါဝင်ရောင်းချလျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"အာနန္ဒာဘုရား ပွဲတော်ကာလမှာ ပဋ္ဌာန်းပူဇော်နေပြီး ပြာသိုလပြည့်နေ့မှာ သံဃာတော် အပါး ၂၅၀ ကို အနယ်နယ်အရပ်ရပ်က အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြမှာပါ။ ရှေးကနေ အခုချိန်အထိ အစဉ်အလာမပျက်ကျင်းပခဲ့တဲ့ ယဉ်ကျေးမှုအမွေ တစ်ခုဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းသွားမှာပါ"ဟု အာနန္ဒာဘုရားဂေါပကဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက ပြောသည်။

အာနန္ဒာဘုရား ပွဲတော်ချိန်တွင် နွားလှည်းများဖြင့် ဘုရားဖူးလာရောက်ကြသည့် အညာဒေသ၏ဓလေ့ကို ပြည်ပခရီးသွားများက အထူးစိတ်ဝင်စားလေ့လာလေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ပုဂံဒေသရှိ အထင်ကရ ဘုရား၊ စေတီ ၁၈ ဆူတွင် ပွဲတော်များ နှစ်စဉ်ကျင်းပလေ့ရှိပြီး အာနန္ဒာဘုရားပွဲတော်သည် ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်ပြီး ပြာသိုလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အစည်ကားဆုံးဖြစ်ကာ ယမန်နှစ်ပွဲတော်ကာလ အဖိတ်၊ လပြည့်နှင့် လပြည့်ကျော် ၁ ရက်တို့တွင် ခရီးသွား ၄၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ခတ်ပုံ – ကနူး**

**ညီမ်းသူ(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**ကျိုင်းလပ် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကာယ၊ ဥဇာ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးထွေး၊ အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)မှကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေ၍ တင်ဆက်ရာ အခမ်းအနားသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ကြောင်း သိရသည်။

**စန်းစန်းမြင့်(ပြန်/ဆက်)**



# ကျေးရွာစာကြည့်တိုက်တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာလေ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဇန်နဝါရီလ ၁၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ခွဲအတွင်း မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက် ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်တို့က မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စာကြည့်တိုက်အသစ်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စာကြည့်တိုက်အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် စာအုပ်စာစောင်များ ပိုမိုများပြားစေရန် လှူဒါန်းကြရေး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**စုမြတ်ထွေး(ပြန်/ဆက်)**



## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# သာပေါင်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စုတွင် ဆောင်းနှမ်း အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေး



သာပေါင်း ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ရုံးပင်ကျေးရွာအုပ်စုတွင် ဆောင်းနှမ်း အောင်မြင်ဖြစ်ထွန်းနေမှုအား တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များက ဇန်နဝါရီလ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဦးထွန်းမြ၊ ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီအတွင်းရေးမှူး၊ စိုက်ပျိုးရေးဦးစီးမှူးဒေါ်အေးအေးမူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌဦးမင်းဇေယျာထိုက်၊ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမျိုးမြင့်လွင်၊ မြေစာရင်းဦးစီးအရာရှိဦးထွဋ်ခန့်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများတက်ရောက်ကြပြီး ရုံးပင်ကျေးရွာအုပ်စု ရိုးဝကျေးရွာ တောင်သူဦးဇော်ဝင်းထွန်း၏ လယ်မြေ တစ်ဧကတွင် ဆောင်းနှမ်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ရေဖျန်းရန်၊ မြေသြဇာကျွေးရန်၊ မြေဆွရန်တို့ကို မှာကြားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်မျိုးဦး**
**(သာပေါင်း ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**စပိန်လာလီဂါ**

| | | |
|---|---|---|
| အက်စပန်ညို | ၁ - ၁ | လီဂါနက် |
| ဆီဗီလာ | ၁ - ၁ | ဗလင်စီယာ |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | |
|---|---|---|
| ဂလာဘတ် | ၀ - ၁ | ဘိုင်ယန် |
| လိုက်ပဇစ် | ၄ - ၂ | ဝါဒါဘရီမင် |

**အီတလီစီးရီးအေ**

| | | |
|---|---|---|
| အေစီမီလန် | ၁ - ၁ | ကက်ဂလီယာရီ |
| ဂျီနိုအာ | ၁ - ၀ | ပါးမား |

**ပြင်သစ်လီဂူးဝမ်း**

| | | |
|---|---|---|
| ရိမ်း | ၂ - ၄ | နိုက် |
| ရင်းနက် | ၁ - ၂ | မာဆေး |

# စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ခြင်းစီမံကိန်းကွင်းသရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသီးနှံသုတေသနဌာနစုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်းစီမံကိန်းကွင်းသရုပ်ပြပွဲကို လယ်ဝေးမြို့နယ် အေးချမ်းသာအုပ်စု လက်ပန်တန်းကျေးရွာ၌ယနေ့နံနက်ပိုင်းတွင်ပြုလုပ်သည်။

မြန်မာနိုင်ငံတွင် ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး အကျိုးအမြတ်ရရှိစေရန်အတွက်ဒေသအလိုက် သင့်တော်သောပဲပုပ်မျိုးများဆန်းစစ်၍ စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးပြသရန်နှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာများသင်တန်းပေးရန်ရည်ရွယ်၍ စီမံကိန်းအား ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို နေပြည်တော်ကောင်စီနယ်မြေ (လယ်ဝေးနှင့်ဇေယျာသီရိမြို့နယ်)၊ ဧရာဝတီတိုင်းဒေသကြီး(ဇလွန်နှင့်ဟင်္သာတမြို့နယ်)၊ ရှမ်းပြည်နယ်(မိုင်းဖြတ်နှင့်မိုင်းပွန်မြို့နယ်)နှင့် ကချင်ပြည်နယ် (မြစ်ကြီးနား-ဝိုင်းမော်နှင့် မိုးညှင်းမြို့နယ်) တို့တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ နှစ်နှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကွင်းပြပွဲသို့ လယ်ဝေးမြို့နယ်အတွင်းရှိ လက်ပန်တန်း၊ အုတ်ဖိုဇောင်း၊ ပင်သောင်၊ သဖန်းပင်၊ နန္တင်းအိုင်၊ အေးချမ်းသာနှင့် ညောင်ပင်သာရွာတို့မှ ပဲစိုက်တောင်သူ ၃၄ ဦးတို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**ဇော်မျိုး(မြဝတီ)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့တွင် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက လူငယ်နှင့်ဥပဒေခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လူငယ်ရေးရာနှင့်ပတ်သက်သည့် စာအုပ်များ၊ လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြောင်း သိရသည်။ (၄၁၃)

# ခြောက်အိမ်တန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ စံကိုက်အဆောက်အအုံဖွင့်ပွဲကျင်းပ



**အိမ်မဲ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လူကောင်းကျွန်းကျေးလက်ကျန်းမာရေးဌာနအောက်ရှိခြောက်အိမ်တန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ စံကိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ခြောက်အိမ်တန်းကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အခမ်းအနားကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မင်းသိုက်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အအုံဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်ဆောက်လုပ်နိုင်ရန် မြေနေရာအလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် မြောင်းမြပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ခြောက်အိမ်တန်းကျေးရွာနေ ပြည်သူလူထုများအား ကွင်းဆင်းဆေးကုသမှုအစီအစဉ်ကို လှည့်လည်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လူကောင်းကျွန်းကျေးလက်ကျန်းမာရေးဌာန၊ အိမ်မဲဆေးရုံနှင့်ရွာသစ်တိုက်နယ်ဆေးရုံတို့သို့ ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များကို မှာကြားကြောင်းသိရသည်။ **ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့်ဝန်ထမ်းများ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးသူ၊ ဈေးသားများအား ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုသိရှိပြီး လက်တွေ့လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မတော်တဆမီးလောင်မှုကို ၎င်းတို့ကိုယ်တိုင် အချိန်နှင့်တစ်ပြေးညီ မီးငြိမ်းသတ်နိုင်ရေးနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ပီအက်စ်ဂျီအသင်းက နာပိုလီအသင်းမှ တောင်ပံကစားသမား ခါဗီချာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေ



ပဲရစ် ဇန်နဝါရီ ၁၂

ပီအက်စ်ဂျီအသင်းက နာပိုလီအသင်းမှ တောင်ပံကစားသမားတစ်ဦးဖြစ်သည့် ခါဗီချာကို ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် ကစားသမားဖြစ်သူနှင့် သဘောတူညီမှုရရှိထားပြီး နာပိုလီအသင်းနှင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုများပြုလုပ်နေကာ အပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ် ခါဗီချာသည် ၂၀၂၂ ခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရု ရ ၂ား ကလပ် ရူဘင်ကာဇန်အသင်းမှ နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အသင်းဖော်တိုက်စစ်ကစားသမားဟောင်း အိုဆီမန်နှင့်အကောင်းဆုံးတွဲဖက်ကစားနိုင်ခဲ့ကာ နာပိုလီအသင်း အီတလီစီးရီးအေချန်ပီယံဆုဆွတ်ခူးခဲ့ရာတွင် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၄၃ ပွဲတွင် ၁၄ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၄ ကြိမ်ပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

အလားတူ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခါဗီချာသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၅ ပွဲတွင် ၁၁ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုခုနစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၉ ပွဲ ပါဝင်ကစားပြီးချိန်တွင် ငါးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်ထားသူဖြစ်သည်။

နာပိုလီအသင်းနှင့်အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေသည့် ခါဗီချာကို စပိန်လာလီဂါနှင့် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများက စောင့်ကြည့်နေသောကြောင့် ပီအက်စ်ဂျီအသင်းက လက်ဦးမှုရယူနိုင်ရန် လက်ရှိဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ခါဗီချာ၏လုပ်ခလစာတရားဝင်ဖော်ပြခြင်းမရှိသေးသော်လည်း လက်ရှိနာပိုလီအသင်းတွင်ရရှိနေသည့်လုပ်ခလစာထက် ငါးဆအထိပိုမိုပေးချေပြီး ငါးနှစ်စာချုပ်ချုပ်ဆိုရန် ကစားသမားနှင့် သဘောတူညီမှုရရှိထားပြီး ခါဗီချာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန်အသင်းထံခွင့်တောင်းထားကာ နာပိုလီအသင်းကလည်း ခါဗီချာအတွက် စတာလင်ပေါင် သန်း ၈၀ အထိ အလိုရှိနေကြောင်း သိရသည်။

# မန်စီးတီးအသင်းက ဖရန့်ဖတ်အသင်းမှ အိုမာမာမွက်ကိုခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိ

မန်ချက်စတာ ဇန်နဝါရီ ၁၂

လက်ရှိဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုများလုပ်ဆောင်ရန် ကြိုးပမ်းနေသည့်မန်စီးတီးအသင်းက ဖရန့်ဖတ်အသင်းနှင့်ခြေစွမ်းပြလျက်ရှိနေသည့် အိုမာမာမွက်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ပြီးနောက် ဖရန့်ဖတ်အသင်းနှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိနေကာ အပြောင်းရွှေ့ဖြစ်မြောက်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အိုမာမာမွတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၅ ပွဲကစားပြီးချိန်တွင် ၁၈ ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည်အထိ ခြေစွမ်းပြလျက်ရှိသည့်အတွက် မန်စီးတီးအသင်းကခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းနှင့် ဖရန့်ဖတ်အသင်းတို့ကစားသမားပြောင်းရွှေ့ကြေးအတွက် နောက်ဆုံးအဆင့် ဆွေးနွေးမှုရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကိုမိုအသင်းနှင့်မိုနာကိုအသင်းတို့က ရက်ရှ်ဖို့ဒ်ကို ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင် ဥရောပထိပ်တန်းအသင်းတစ်သင်းကိုသာပြောင်းရွှေ့ကစားရန်ဆုံးဖြတ်ထား

မန်ချက်စတာ ဇန်နဝါရီ ၁၂

လက်ရှိဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် ရက်ရှ်ဖို့ဒ်ကို ကိုမိုအသင်းနှင့် မိုနာကိုအသင်းတို့က ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကငြင်းပယ်ခဲ့ပြီး ဥရောပထိပ်တန်းအသင်းတစ်သင်းကိုသာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် ယခုဘောလုံးရာသီ၌ ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး လက်ရှိနည်းပြအမိုရင်လက်အောက်တွင် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီး ၎င်းတို့နှစ်ဦးကြား ဆက်ဆံရေးမှာတင်းမာနေသည့်အတွက် လက်ရှိဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်ကို ပြီးခဲ့သည့်ရက်ပိုင်းက ကိုမိုအသင်းနှင့်မိုနာကိုအသင်းတို့က အငှားစာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က ဥရောပထိပ်တန်းအသင်းတစ်သင်းတွင်သာကစားလိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ရက်ရှ်ဖို့ဒ်အနေဖြင့် အေစီမီလန်အသင်း၊ ဒေါ့မွန်အသင်းတို့နှင့်သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိအချိန်ထိ ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသေးဘဲ လက်ရှိတွင် အေစီမီလန်အသင်းနှင့် ဒေါ့မွန်အသင်းတို့အပြင် ဂျူဗင်တပ်စ်အသင်းနှင့် ဘာစီလိုနာအသင်းတို့နှင့်လည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ရက်ရှ်ဖို့ဒ်ကိုယ်တိုင်က အဆိုပါဥရောပထိပ်တန်းအသင်းလေးသင်းတွင် ငယ်စဉ်ကတည်းက ကစားလိုသည့် အိပ်မက်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းထံ ဦးစားပေးပြောင်းရွှေ့ကစားလိုနေပြီး လက်ရှိတွင် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်နေကာ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး လာမည့်ရက်သတ္တပတ်တွင် အပြီးသတ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# အက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးပွဲထွက်ကစားသမားအဖြစ် နူမိုမှတ်တမ်းဝင်

လန်ဒန် ဇန်နဝါရီ ၁၂

လီဗာပူးအသင်း လူငယ်ကစားသမား နူမိုသည် အက်ဖ်အေဖလားပြိုင်ပွဲဖြစ်သည့် လီဗာပူးအသင်းနှင့် အက်ကရင်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် အသင်းသမိုင်းတစ်လျှောက် အက်ဖ်အေဖလားပြိုင်ပွဲတွင် အသက်အငယ်ဆုံးပွဲထွက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

နူမိုသည် လီဗာပူးအသင်းနှင့် အက်ကရင်အသင်းတို့ပွဲစဉ်၌ပါဝင်ကစားသည့်အချိန်တွင် ၎င်း၏အသက်မှာ ၁၆ နှစ်နှင့် ၁၃၅ ရက်သာရှိသည့်အတွက် အသင်းသမိုင်းတစ်လျှောက် အက်ဖ်အေဖလားပြိုင်ပွဲ၌ အသက်အငယ်ဆုံးပွဲထွက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။ နူမိုသည် ချယ်လ်ဆီးအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ယခုဘောလုံးရာသီအစပိုင်းတွင် လီဗာပူးလူငယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် လီဗာပူးလူငယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သည့်အတွက် နည်းပြဆလော့က အက်ကရင်အသင်းနှင့်ပွဲစဉ်တွင် လီဗာပူးအသင်း ပွဲထွက်ကစားသမားအဖြစ်အသုံးပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ပါဝင်ကစားသည့်ပွဲစဉ်တွင်လည်း အသင်းပရိသတ်များစိတ်ကြိုက်ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

လီဗာပူးအသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးပွဲထွက်ကစားသမားအဖြစ် နူမိုမတိုင်မီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ဆင်ကလဲယားက ၂၀၁၂ ခုနှစ်က အသက် ၁၆ နှစ်နှင့် ခြောက်ရက်ဖြင့် မှတ်တမ်းဝင်ထားသော်လည်း ၎င်းအနေဖြင့် လူစားဝင်ကစားသမားသာဖြစ်ပြီး နူမိုက ပွဲထွက်ကစားသမားအဖြစ် စံချိန်တင်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

*Ref;One Football*



# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့ ခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးငြိမ်း၏ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ငါးရံ့ခြောက် ပိဿာ ၆၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးရံ့ခြောက်ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ငါးခြောက်မျိုးစုံကို ရန်ကုန်နဲ့ တခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ငါးရံ့ခြောက်အကြီး၊ အသေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ငါးခြောက်သိုလှောင်ထားသူတွေ အဆင်ပြေလာပါတယ်"ဟု ဒေါ်အေးငြိမ်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက်များသည် အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း၊ အဆိုပါဒေသထွက်ငါးရံ့ခြောက်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ စင်ကာပူ၊ ထိုင်းနိုင်ငံ စသည့်ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး)၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဖောင်ကြီး)၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၁၁ ရက်က အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးစိုးသိန်းက အားကစားပညာအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သုတ/ရသစာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး) မှ အထက်တန်းပြဆရာမဒေါ်လှလှဝင်းတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်၍ အခြေခံပညာအထက်တန်းကျောင်း (ဖောင်ကြီး) မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်အားကစားခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကလည်း မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် သုတ/ရသစာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

# VDP စီမံကိန်းဖြင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**အမရပူရ ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ရွေးကြက်ယက်ကျေးရွာအုပ်စု ကတ္တီပါကျေးရွာ၌ ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီလ ၁၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကတ္တီပါကျေးရွာ၌ ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါကတ္တီပါကျေးရွာ၌ အလျားပေ ၁၄၀၊ အနံ ၂ ပေ၊ အမြင့် ၁၀ ပေ ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို VDP ရန်ပုံငွေ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၃ သန်းအသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# Grade-11 နှင့် Grade-12 ဆရာ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ပို့ချ

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အသင်္ချေယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းက အမှာစကားပြောကြားရာ၌ သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို ပြန်လည်သင်ကြားပေးနိုင်ရေးအတွက် သင်တန်းတွင် ပို့ချပေးမည့် ဥပဒေပညာဘာသာရပ်များကို လေ့လာမှတ်သားသင်ယူကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဦးရဲထွဋ်က ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် စစ်ကိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများတက်ရောက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ Grade-11 နှင့် Grade-12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် စစ်ကိုင်းမြို့ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၂၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီလ ၁၁ ရက်၊ ၁၂ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်ရယ်ရန်ကုန်အသင်း နှစ်ပွဲဆက်အနိုင်ရထား

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်) ပွဲစဉ် (၂) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပရာ Mar Rein အသင်းနှင့် အာသာဝတီအသင်း အနိုင်ရခဲ့သည်။

ဒုတိယနေ့တွင် Mar Rein အသင်းက Yangon Focus အသင်းကို ၅ဂိုး-၁ဂိုး၊ အာသာဝတီအသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ၃ဂိုး-၁ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၂) အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်ရယ်ရန်ကုန်အသင်းသာ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ပွဲစဉ် (၂) အပြီးတွင် Mar Rein အသင်းနှင့် ရှိုင်ရယ်ရန်ကုန်အသင်းက ခြောက်မှတ်စီ၊ Burmese Youth အသင်းက လေးမှတ်၊ Golden Light United အသင်း၊ ရွှေပြည်သာ ယူနိုက်တက်အသင်း၊ Yangon Focus အသင်း၊ Southern Yangon Star အသင်း၊ The Honour အသင်းနှင့် အာသာဝတီ အသင်းတို့က သုံးမှတ်စီ၊ မင်္ဂလာဒုံစီးတီး အသင်းက တစ်မှတ်ရရှိထားပြီး ရန်ကုန် တောင်ဇလပ်အသင်းနှင့် မြသီတာအသင်း တို့မှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

ပွဲစဉ် (၃) ကို ဇန်နဝါရီလ ၂၅ရက်နှင့်၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-MFF**



**➲ MNL ပြိုင်ပွဲမှ**

ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၇ မိနစ်တွင် အောင်မြတ်သူက ဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၉၀+၁ မိနစ်တွင် ဝင်းမိုးကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီအသင်း တိုက်စစ်မှူး အောင်မြတ်သူကရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ပွဲကစား ၃၆ မှတ်၊ ရတနာပုံအသင်းက ၁၅ ပွဲကစား ၁၉ မှတ် ရရှိထားသည်။


တောင်ကြီးကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လာမည့် တစ်ပတ်တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ကြားရက်တွင် အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း အိမ်ကွင်း၌ အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ကျော်ကိုကို၊ ၅၂ မိနစ်တွင် ဘာကာယိုကို၊ မိနစ် ၇၀ တွင် ရင်တာရိုတို့က သွင်းယူပြီး သစ္စာအားမာန် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် ပြည့်စုံအောင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်နောက်ခံလူ သက်ဟိန်းစိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ၁၅ ပွဲကစား ၄၃ မှတ်ဖြင့် ဦးဆောင်နေပြီး သစ္စာအားမာန်အသင်းက ၁၅ ပွဲကစား ၁၁ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၅) နောက်ဆုံးနေ့အဖြစ် ဇန်နဝါရီလ ၁၃ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **ရဲရင့်လွင်**





မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**❒ တရားမဝင်စက်သုံးဆီများမှ**

လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆၁၃၅၅၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၉၃၆၅၅၉)** ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် မန်းရေနံမြေဝင်းအတွင်း၌ တရားမဝင်ရေနံစိမ်း ဂါလန်(၁၆၀) **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတ မြို့၊ ဥယျာဉ်ရပ်ကွက်၌ လိုင်စင်မဲ့ Honda PCX မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇန်နဝါရီလ ၁၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ညောင်ပင်ဇင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ(၆၀၂)ပီပါ၊ ဓာတ်ဆီ(၆၀၉)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၅၃၉၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai KMEFG Tractor Head (၁)စီး၊ Hino Profia Tractor Head(၁)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၀၀၅၅၀) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၆၅၄၄၉၀)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၊ ကားကြီးဝင်းအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၉၂၅၁၀၄၉)** ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် MIUနှင့် MH Dream Team နိုင်ပွဲဆက်ပြီး YRG အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၂**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၅) ကို ဇန်နဝါရီလ ၁၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ MIU နှင့် MH Dream Team နိုင်ပွဲဆက်ပြီး YRG အသင်း ပထမဆုံးနိုင်ပွဲရရှိကာ လက်ရှိ ချန်ပီယံ VUC အသင်း နိုင်ပွဲပျောက်ဆုံးခဲ့သည်။

ယခုရာသီတွင် ခြေမှန်ရနေသည့် နာမည်ကြီး MIUအသင်းသည် ရာနှုန်းပြည့် နိုင်ပွဲဖြင့် ဆက်လက်ဦးဆောင်လျက်ရှိပြီး MH Dream Team အသင်းကလည်း နိုင်ပွဲရယူကာ ဖိအားပေးလျက်ရှိသည်။ လက်ရှိ ချန်ပီယံ VUC အသင်းမှာမူ ရှုံးပွဲဆက်ခဲ့ပြီး ပြင်ဆင်မှုများစွာပြုလုပ်ထားသည့် YRG အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ အမာခံကစားသမားများထွက်ခွာသွားပြီး လူငယ်များဖြင့် သွေးသစ်လောင်းထားသည့်လက်ရှိချန်ပီယံ VUCအသင်းသည် ငါးပွဲကစားရာတွင် လေးမှတ်သာရသေးပြီး ထိပ်ဆုံးမှ MIU အသင်းနှင့် ၁၁ မှတ်အထိ ကွာဟသွားပြီဖြစ်သည်။ ပွဲစဉ် (၅)တွင် MIU အသင်းက Generations အသင်းကို ၁ ဂိုး-ဂိုးမရှိ၊ M2K အသင်းက လက်ရှိချန်ပီယံ VUC အသင်းကို ၃ ဂိုး-၁ ဂိုး၊ MH Dream Team အသင်းက YCDC Marga အသင်းကို ၅ ဂိုး- ၂ ဂိုး၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို ၆ ဂိုး- ၂ ဂိုး၊ Winner Soccer အသင်းက SGF အသင်းကို ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၅) အပြီးတွင် MIU အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၁ မှတ်၊ Generations အသင်းနှင့် M2K အသင်းက ရှစ်မှတ်စီ၊YRG အသင်းက ခြောက်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga အသင်းတို့က လေးမှတ်စီ၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။



**သတင်း- ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား . . .
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။


KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile
RHINO PORTLAND CEMENT
TRISTAR


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် . . .**

❖ **ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) တတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်း အမှတ်ပြည့်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်း၏ ခြေချော်မှုကို အပြည့်အဝအသုံးချကာ ဒုတိယနေရာတက်လှမ်းလာနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်ပြီးမှ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားသော်လည်း အဆုံးသတ်အားနည်းသဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ၅၉ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူးပြည်မိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသဖြင့် ဟံသာဝတီအသင်းသည် **စာမျက်နှာ ၃၀ ကော်လံ ၁ ➲**



**နိုင်ငံတကာသတင်း** စာ - ၂၃ သို့

**လော့အိန်ဂျလိစ်တွင် ဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုများကြောင့် အနည်းဆုံး လူ ၁၆ ဦးသေဆုံး**

**အန်ဂိုလာတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၁၅၀ ဦးခန့်ရှိပြီး ၁၅ ဦးသေဆုံး**

**ပိုလန်မြောက်ပိုင်းတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိသားစု ၃၂၀၀၀ ခန့် မုန်တိုင်းဒဏ်သင့်**

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၀) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၅၉၁၈၁၈၆၈၁)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၈၂၃၇၈)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် **စာမျက်နှာ ၃၀ ကော်လံ ၃** ❐

